အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၅၅)

အမျိုးသားရေးအားမာန်ကိုမြှင့်တင်ပေးနိုင်

မြန်မာစာပေသည် အမျိုးသားရေးအားမာန်ကို မြှင့်တင်ပေးနိုင်သည့် စာပေ၏စွမ်းပကား၊ စာပေ၏ဂုဏ်အင်္ဂါတို့ ကုံလုံပြည့်ဝလှသည့်အတွက် သမိုင်းကြောင်းအလှည့်အပြောင်းများစွာတွင် မြန်မာအမျိုးသားများကို ဇာတိသွေးဇာတိမာန် ယိမ်းယိုင်တိမ်းပါးမသွားစေရအောင်၊ အမျိုးသားရေး စိတ်ဓာတ် ထက်မြက်နိုးကြားရှင်သန်နေစေရအောင်၊ အမျိုးသားကိုယ်ခံ စွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရအောင် အခြေအနေအချိန်အခါနှင့်အညီ စေ့ဆော်နှိုးဆွပေးနိုင်ခဲ့သည့်အားလျော်စွာ နိုင်ငံနှင့်လူမျိုး မပျောက်အောင် ထိန်းကျောင်းတည့်မတ်ပေးနိုင်ခဲ့သည်။

အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရေး စာပေစွမ်းပကားဖြင့်ကြိုးပမ်း

စာပေ၏ထူးခြားပြောင်မြောက်စွာ အမျိုးသားရေးတာဝန်ကျေပွန်ခဲ့မှုအစဉ်အလာကောင်း ဆက်လက်ထိန်းသိမ်း

မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ဖော်ဖြစ်ထွန်းလာစေရေး စာပေစွမ်းပကားဖြင့်စွမ်းဆောင်

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးထင်ဖတ်(မောင်ထင်)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)

ဒုတိယနေ့အစည်းအဝေးအစီအစဉ်များဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ဒုတိယနေ့အစည်းအဝေးအစီအစဉ်များကို နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲတွင် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးခင်မောင်နှင့် သူရ ဦးအောင်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အနောက်)

စာမျက်နှာ ၁၀ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုမပြိုကွဲရေးအသက်နှင့်အမျှကာကွယ် အမျိုးသားရေးအင်အားစုဖြစ်အောင်စည်းရုံးတည်ဆောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ပထမနေ့အစည်းအဝေးကို နိုဝင်ဘာလ ၁၉ရက်နံနက်ပိုင်းတွင် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌-

"မျက်မှောက်ခေတ်ကာလ ကမ္ဘာ့နိုင်ငံအချို့သည် တိုတောင်းသည့် ကာလအတွင်းတွင် စည်းလုံးညီညွတ်မှုပြိုကွဲပြီး သူတို့ပြည်သူအများ ဒုက္ခဝေခဲ့သည်ကို မြင်တွေ့ကြရပြီမို့ ပြည်ထောင်စုမြန်မာနိုင်ငံအဖို့ ကျစ်လျစ်စည်းလုံး တည်တံ့ခိုင်မြဲရေးသည် အရေးကြီးဆုံးအချက်ဖြစ်ကြောင်း သိရှိကြပြီဖြစ်ကြောင်း၊ အမိမြန်မာပြည်အတွင်းတွင် အတူတကွ လက်တွဲမှီတင်းနေထိုင်လာခဲ့သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကိုလွှမ်းခြုံထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သားစိတ်ဓာတ်ဖြင့်သာ ပြည်ထောင်စုမပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ ခေတ်မီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ဖွဲ့စည်းခဲ့ရာ ယခုအခါ ၁၀နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်လာရေးအတွက် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို မဏ္ဍိုင်ပြုပြီး မွန်မြတ်မှန်ကန်လှသည့် ရည်ရွယ်ချက်ငါးရပ်၊ အခြေခံမူငါးရပ်၊ ကတိသစ္စာလေးချက်၊ ကျင့်ဝတ်၁၀ပါးနှင့် တာဝန်ဝတ္တရား ၁၄ချက်ကို ပြဋ္ဌာန်းပြီး အသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ အသင်းဝင်များသည် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးကြသူများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြသူများ စုစည်းပါဝင်သည့် အသင်းကြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အင်အားတောင့်တင်းခိုင်မာလာသကဲ့သို့ အသင်းဝင်များ အရည်အချင်းပြည့်ဝရေးကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်နေသည်။ အသင်းဝင်များ အရည်အချင်းပြည့်ဝရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချပေးကာ အတွေးအခေါ်အယူအဆ၊ လုပ်နည်းကိုင်နည်းများ တိုးတက် မြင့်မားလာအောင် လေ့ကျင့်ပေးလျက်ရှိသည်။ သင်တန်းများ၊ ဆွေးနွေးပွဲများကရရှိသည့် အသိအမြင်၊ အတွေးအခေါ်များကို လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးချနိုင်ရန် လက်တွေ့စည်းရုံးရေးနယ်ပယ်တွင် တာဝန်များပေးအပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မျိုးဆက်သစ်များကိုဗဟိုပြုပြီး လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်တွင်ပါသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်ဆောင်ရွက်ရေး ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို မိမိကာကွယ်နိုင်စွမ်းရှိပြီး နိုင်ငံဂုဏ်နှင့် လူမျိုးဂုဏ် မြင့်မားရေးကို ဖန်တီးနိုင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး အခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံအုတ်မြစ်များ တည်ဆောက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှန်သမျှသည် ပြည်သူများအတွက်သာဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် အချိန်အခါကောင်း၊ အခွင့်အလမ်းကောင်းကိုလက်မလွှတ်စတမ်းဆုပ်ကိုင်ပြီး နိုင်ငံတော်၏ ဦးဆောင်မှု အရိုန်အဟုန်နောက်တွင် တညီတညာတည်းအင်တိုက်အားတိုက် လှုပ်ရှားဆောင်ရွက် ကြရမည်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေးအတွက် အသင်းဝင်များက အသက်နှင့်အမျှ ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သကဲ့သို့ ပြည်သူကိုကိုယ်စားပြုသည့် အမျိုးသားရေး အင်အားစုကြီး တစ်ရပ်ဖြစ်အောင် စည်းရုံးတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ပန်းချီနှင့်အကာပြိုင်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ကျရောက်မည့် 'အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့' အထိမ်းအမှတ် အခမ်းအနား အကြိုလှုပ်ရှားမှုအဖြစ် ပန်းချီနှင့်အကပြိုင်ပွဲကို နိုဝင်ဘာ၂၁ရက် မွန်းလွဲပိုင်းက မရမ်းကုန်းမြို့နယ် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ ၂၀၀၃ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ပန်းချီနှင့် အကပြိုင်ပွဲဝင် မသန်စွမ်းကလေးငယ်များ၊ ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပန်းချီနှင့်အကပြိုင်ပွဲများတွင် အသက် ၁၆နှစ်အောက် ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ ဉာဏ်ရည်မမီကလေးများနှင့် နားမကြားသောကလေးများ အသီးသီး ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ မျက်မမြင်သီချင်းအဆိုပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်တွင် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင်လည်းကောင်း၊ နားမကြားသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများ စက်ချုပ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် လည်းကောင်း၊ မျက်မမြင်များ ကြိမ်ထိုးပြိုင်ပွဲကို နိုဝင်ဘာ၂၈ရက်တွင် ခဝဲခြံမျက်မမြင်ကျောင်းတွင်လည်းကောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ ပိုးဇာပုံနှိပ်၊ ဆံသနှင့် ဓာတ်ပုံပြိုင်ပွဲများကို နိုဝင်ဘာ ၂၈ရက်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများအား ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃ရက် 'အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့' အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်မြို့တော်ကြီး လှပပြီးအဆင့်မြင့်တိုးတက်စေရေး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သည် အလွန်အရေးပါ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်တို့နှင့်အတူ ယမန်နေ့ ညနေပိုင်းက အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၏ ဒေါပုံမြို့နယ်ရှိ ကတ္တရာ ကွန်ကရစ်ဖျော်စက်နှင့် ကျောက်ကြိတ်ခွဲစက်စခန်းဝင်းအတွင်းသို့ ရောက်ရှိလာရာ ဌာနမှူး ဦးဗိုလ်ဌေးနှင့် စခန်းတာဝန်ခံတို့က ကတ္တရာကွန်ကရစ်ဖျော်စက်၌ လမ်းများခင်းရန် ကတ္တရာကွန်ကရစ်များထုတ်လုပ်နေမှု၊ ကျောက်ကြိတ်ခွဲစက်၌ အရွယ်အစား အမျိုးမျိုး ကျောက်များကြိတ်ခွဲနေမှု၊ စကြံကျောက်ပြားများထုတ်လုပ်နေမှု၊ လူသွားစကြံ၌ အလှဆင်ရောင်စုံ ကျောက်ပြားများထုတ်လုပ်နေမှုကို ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အတွင်းရေးမှူးတို့က ရန်ကုန်မြို့တော်ကြီး လှပသေသပ်ပြီးအဆင့်မြင့်တိုးတက်ရန်မှာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သည် အလွန်အရေးပါသောကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသဖြင့် ယခုထုတ်လုပ်နေသော ပစ္စည်းအမယ်စုံ(အမည်စုံ)ကို အလျင်မီထုတ်လုပ်သွားရန် မှာကြားသွားသည်။ **(၂၁၀)**

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်း ၂၀၀၂-၂၀၀၃ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်လုံးက သူငယ်တန်းမှ ဘက်စုံ ဘာသာစုံပထမဆုရ မဝတ်ရည်ဖြိုးအား ဆုချီးမြှင့်စဉ်။ (က-ပ)

လာခြင်းကောင်းသောအရှင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၃

ဆရာမြသန်းတင့် ဘာသာပြန်သော "လာခြင်းကောင်းသောအရှင်" စာအုပ်ကို Quality Publishing House စာအုပ်တိုက် ဖုန်း-၇၀၆၄၁၄၊ ၇၂၁၀၆၇၊ အမှတ် ၁၅၃/၅(က)လှော် ဆိပ်ကမ်းသာလမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိသည်။ **(အောက်ပုံ)** **(က-ပ)**

ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အုပ်ချုပ်သူ၊နည်းပြများနှင့် အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

❒ *ကျော်ဖုန်းမှ*

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခြင်းခံရသည့် မြန်မာအားကစားအဖွဲ့ ကိုယ်စားလှယ်များ၊ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များမှ အုပ်ချုပ်ကြီးကြပ်သူများ၊ ဒိုင်အဖွဲ့ဝင်များ၊ နည်းပြဆရာများနှင့် အားကစားအဖွဲ့ဝင်များနှင့် အဖွဲ့လိုက်မိတ်ဆက်ပေးသည်။

အမျိုးဂုဏ်မြှင့်တင်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် အမျိုးသားအားကစား အဆင့်အတန်းတိုးတက်မြင့်မားအောင် စွမ်းဆောင်ပေးခြင်းအားဖြင့် နိုင်ငံတကာ့အလယ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာမြင့်မားဝင့်ကြွားစေရမည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲအတွက် နိုင်ငံတော်ကို ကိုယ်စားပြု ယှဉ်ပြိုင်ခွင့်ရရှိကြသည့် အားကစားသမား မောင်မယ်များအနေဖြင့် အားကစားယှဉ်ပြိုင်အောင်နိုင်စေရမည်ဆိုသည့် အမျိုးဂုဏ်ကို မြှင့်တင်လိုသောစိတ်ဓာတ်မွေးပြီး ကြိုးစား အားထုတ်သွားကြပါဟု ပထမဦးစွာ မှာကြားလိုကြောင်း။

ယနေ့အချိန်အခါသည် အမျိုးသားအားကစားအဆင့်အတန်း ပြန်လည်ထွန်းတောက် မြင့်မားလာရေးနှင့် တစ်ချိန်သောကာလက အရှေ့တောင်အာရှ၊ အာရှမှသည် ကမ္ဘာ့အဆင့်တိုင်ထွန်းတောက်ကျော်ကြားခဲ့သည့် မြန်မာအားကစားအောင်နိုင်မှုအစဉ်အလာများ ပြန်လည် ဖြစ်ထွန်းလာစေရအောင် နိုင်ငံတော်အစိုးရက တွန်းအားပေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်မျိုးသားလုံးကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင် အားပေးဆောင်ရွက်နေချိန်ဖြစ်ကြောင်း။

အမျိုးသားရေးအဖြစ်ခံယူ

နိုင်ငံတကာမှာကြည့်လျှင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် အမျိုးသားအားကစားအဆင့်အတန်း မြင့်မားမှုနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင်နိုင်မှုတို့သည် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်မြင့်မားထည်ဝါမှုကို ဖော်ညွှန်းပြသနိုင်သည်ဆိုသည့်ခံယူချက်ဖြင့် အားကစားအောင်နိုင်ရေးကို အမျိုးသားရေးအဖြစ်ခံယူပြီး အပြိုင်အဆိုင်ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် အားကစားဆိုင်ရာစွမ်းဆောင်ရည်နှင့် အားကစားအောင်နိုင်မှုအလားအလာတို့မှာ အားကစားသမား မောင်မယ်များ၏ တက်ကြွသည့်အားမာန်၊ ခိုင်မာသည့်အမျိုးသားရေးစိတ်ဓာတ်၊ ထက်သန်ပြင်းပြသည့် အောင်နိုင်လိုစိတ်တို့ဖြင့် အားထုတ်ယှဉ်ပြိုင်မှုအပေါ်တွင် တည်မှီလျက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ စုဝေးရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် အားကစားသမားမောင်မယ်များသည် ယခုသွားရောက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ အားကစားပြိုင်ပွဲတွင် အမိနိုင်ငံတော်ကို ကိုယ်စားပြု ယှဉ်ပြိုင်နိုင်ရေးအတွက် အဆင့်ဆင့် ဆန်ခါတင် ရွေးချယ်လေ့ကျင့်ပေးထားသည့် အားကစားသမားများဖြစ်သည်နှင့်အညီ အားကစားဆိုင်ရာ နည်းစနစ်ကျွမ်းကျင်ပိုင်နိုင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ လေ့ကျင့်သားကျမှု၊ ကျန်းမာကြံ့ခိုင်သန်စွမ်းမှုစသည့် အားကစားဆိုင်ရာ အရည်အသွေးများ အဘက်ဘက်က ပြည့်စုံပြီးဖြစ်သည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ယှဉ်ပြိုင်အနိုင်ယူ

ထို့ကြောင့် လက်တွေ့ယှဉ်ပြိုင်အနိုင်ရရှိရေးမှာ အပြင်းအထန်လေ့ကျင့်မှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုတို့သာလျှင် ပဓာနဖြစ်သည့်အတွက် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်ကို အရင်းခံထားပြီး အားကစားအောင်နိုင်မှုဖြင့် အမျိုးဂုဏ်ကိုမြှင့်တင်ပေးနိုင်စေရမည်ဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်အနိုင်ယူခဲ့ကြပါဟုမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူအများ၏ အားကစားကဏ္ဍ အားပေးချီးမြှောက်မှု၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်အောင်နိုင်လိုမှု စိတ်ဓာတ်တို့မှာ ဘယ်ခေတ်ဘယ်ကာလနှင့်မှမတူအောင် တိုးတက်မြင့်မားလျက်ရှိနေကြောင်း။

အချိန်အခါကောင်းရောက်ရှိ

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ အားကစားအဖွဲ့ချုပ်များ၏ စနစ်တကျစီမံခန့်ခွဲမှု၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၏ ကူညီထောက်ပံ့မှု၊ အားကစားဝါသနာရှင် ပြည်သူများအပါအဝင် တစ်မျိုးသားလုံး၏အင်တိုက်အားတိုက်အားပေး ချီးမြှောက်မှုများသည် အားကစားသမား မောင်မယ်များ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ပြည့်စုံစေမှုအတွက်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာမြင့်မားရေးအတွက် စေ့ဆော်အားပေးမှုမှာပါ များစွာထောက်ကူပြုပေးလျက်ရှိနေပြီလည်း ဖြစ်ကြောင်း။

ယနေ့ အားကစားနည်းတိုင်းတွင် အားကစားသမားများအတွက် ကျန်းမာကြံ့ခိုင်မှု၊ အာဟာရပြည့်ဝသန်စွမ်းမှု၊ ကျွမ်းကျင်သည့်နည်းပြများနှင့် ခေတ်မီအားကစားနည်းစနစ်များ အချိန်ကိုက်ရရှိလေ့ကျင့်နိုင်မှု၊ နိုင်ငံတကာအဆင့်မီ အားကစားပစ္စည်းများ၊ လေ့ကျင့်ရေးကိရိယာများ အချိန်နှင့်တစ်ပြေးညီရရှိလေ့ကျင့်နိုင်မှု၊ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများရရှိနိုင်မှုစသည့် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံကောင်းများ ပြည့်ပြည့်စုံစုံရရှိနေသည့် အခြေအနေအချိန်အခါကောင်းကို ရောက်ရှိနေပြီဟုလည်း ပြောနိုင်ကြောင်း။

ယင်းသို့ နိုင်ငံတော်နှင့် ပြည်သူအများက အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပြည့်စုံသည်အထိအားပေးချီးမြှောက်လျက်ရှိသည့် အချိန်အခါကောင်းတွင် အားကစားသမား မောင်မယ်များက အားကစား ယှဉ်ပြိုင်အနိုင်ရရှိရေးအတွက် မိမိတို့မှာသာ တာဝန်ကျန်ရှိတော့သည်ဆိုသည့် ခံယူချက်၊ နိုင်ငံတော်နှင့်တကွ ပြည်သူများ၏မျှော်လင့်တောင့်တချက်ကို ဖြည့်ဆည်းပေးရမည်ဆိုသည့် စိတ်ဓာတ်တို့ဖြင့် ယှဉ်ပြိုင် အနိုင်ယူခဲ့ကြပါဟု မှာကြားလိုကြောင်း။

ယှဉ်ပြိုင်အနိုင်ယူ

ယနေ့အချိန်အခါတွင် မြန်မာအားကစားသမားများအနေဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုများပြန်လည်ရရှိစပြုနေပြီး မြန်မာအားကစားအောင်နိုင်မှုအစဉ်အလာကောင်းများ ပြန်လည်ဖြစ်ထွန်းစရောင်ခြည်များသန်းစပြုနေပြီဖြစ်သည့်အတွက် ရရှိဖြစ်ထွန်းစပြုနေပြီဖြစ်သော အားကစားအောင်နိုင်မှုအရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်ရင်း အနိုင်ယူလိုစိတ်ဖြင့် ယှဉ်ပြိုင် အနိုင်ယူခဲ့ကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

မြန်မာအားကစားအဖွဲ့ ပြိုင်ပွဲသို့ ထွက်ခွာချိန်မှစပြီး အမိနိုင်ငံတော်ကို ပြန်လည်ရောက်ရှိသည့်အချိန်အထိ အားကစားအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားမောင်မယ်များ အားလုံးက အဆင့်ဆင့်စီမံအုပ်ချုပ်မှုကို အလေးအနက်ခံယူပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်အောင် စနစ်တကျကြိုးစားအားထုတ်သွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

မိသားစုစိတ်ဓာတ်ထားရှိပြီး အချင်းချင်း အပြန်အလှန်ရိုင်းပင်းကူညီမှု၊ အပြန်အလှန်ထိန်းကျောင်းဖေးမမှု၊ အပြန်အလှန်အားပေးစောင့်ရှောက်မှုတို့ဖြင့် တစည်းတလုံးတည်း နေထိုင်ကျင့်ကြံ အားထုတ်ကြရန်လည်း လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ အောင်နိုင်မှုအတွက် တစ်မျိုးသားလုံးက မျှော်လင့်တောင့်တနေသည့် ယနေ့အချိန်အခါတွင် အားကစားသမားမောင်မယ်များအားလုံးက အားကစားယှဉ်ပြိုင်မှုတိုင်း၌ မိမိတို့၏အားကစားအောင်နိုင်မှုမှသည် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်မြှင့်တင်ရေး၊ **“မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမယ်”**ဆိုသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်ပြည့်မြောက်စေရေးတို့အတွက် အားစိုက်ခွန်စိုက်ယှဉ်ပြိုင်အနိုင်ယူခဲ့ကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

ယခုကဲ့သို့(၂၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့အားကစားသမား မောင်မယ်များ ထိုက်ထိုက်တန်တန်ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်က အားပေးကူညီကြသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင် ပြည်သူများ၊ အားကစားဝါသနာရှင်ပြည်သူများကိုလည်း နိုင်ငံတော်၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းလည်း တစ်ပါတည်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့အားကစားအဖွဲ့ဝင်များအားလုံးကို မှာကြားလိုသည်မှာ–

- **အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားမောင်မယ်များအားလုံး နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်ပြီး အောင်မြင်မှုသရဖူ ဆွတ်ခူးနိုင်ကြပါစေ၊**
- **နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်ရေးဆိုသည့် အမျိုးသားရေး တာဝန်ကြီးကို ကျေပွန်စွာ ထမ်းရွက် စွမ်းဆောင်သူများ ဖြစ်ကြပါစေ၊**
- **ယခုပေးအပ်မည့် မြန်မာနိုင်ငံ၏ အောင်လံတော် နိုင်ငံတကာ့ အလယ်၌ ဂုဏ်ယူဝင့်ကြွားစွာဖြင့် အကြိမ်ပေါင်း မြောက်မြားစွာ အလံတိုင်ထိပ်တွင် တလူလူ လွှင့်ပျံနိုင်ပါစေ**

ဟု ဆန္ဒပြုကြောင်းဖြင့် ပြောကြားသွားသည်။

နိုင်ငံတော်အလံအပ်နှင်း

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့အားကစားအဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ထို့နောက်(၂၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးအတွက် ကတိပြုသန္နိဋ္ဌာန်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် (၂၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အတွက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်က အမျိုးသမီး အားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများ ဝတ်စုံဖိုးအတွက် ငွေကျပ် ၁၀၄၃၀၀၀၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်က အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ဆေးကိရိယာနှင့် ဆေးဝါးများ၊ Nestle(Milo)က ငွေကျပ် ၆၈ သိန်းတန်ဖိုးရှိ မိုင်လိုအားဖြည့် အချိုရည်၊ Petronas Carigali Co.,Ltd. General Manager. Mr. Rusli Jusoh က အမေရိကန်ဒေါ်လာ ၃၀၀၀၊ ဦးမောင်မောင်(Asia Express)က ငွေကျပ်သိန်း ၂၀၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း၂၀၊ ဒိုင်းမွန်းစတား ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကိုကိုကြီးက ငွေကျပ် ၁၆၅၀၀၀၀ တန်ဖိုးရှိ အားကစားသမားများ စားသုံးရန် ဒုံးပျံတံဆိပ်ဂျုံမှုန့်များ၊ ဦးမောင်မောင် (ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ်၁၀သိန်း၊ ဦးကျော်ကျော်(KY Kyaw Kyaw Trading Co.,Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးနေဝင်းထွန်း(ပတ္တမြားနဂါးကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၀ သိန်း၊

စာမျက်နှာ ၁၂ ကော်လံ ၅ ✻

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အတွက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်က အမျိုးသမီးအားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများ ဝတ်စုံဖိုးအတွက် ငွေကျပ် ၁၀၄၃၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံစဉ်။ (မြန်မာ့အလင်း)

အီရတ်ရှိ ဘာကူဘာနှင့်ခန်ဘာနီဆက်မြို့ ရဲစခန်းနှစ်ခု ဗုံးခွဲတိုက်ခိုက်ခံရ ဘဂ္ဂဒက်၌ ကုန်တင်လေယာဉ်တစ်စင်း ဒုံးကျည်ထိမှန်

ခန်ဘာနီဆက်ဒ်(အီရတ်) နိုဝင်ဘာ ၂၂

အသေခံဗုံးခွဲတိုက်ခိုက်သူများသည် အီရတ်မြို့နှစ်မြို့တွင်ရှိသော ရဲစခန်းများကို ဗုံးများတင်ထားသော မော်တော်ယာဉ်များ စနေနေ့က ဖောက်ခွဲတိုက်ခိုက်သဖြင့် လူ ၁၈ ဦးသေဆုံးသွားသည်ဟု အရာရှိများက ပြောဆိုကြသည်။

ဘဂ္ဂဒက်၌ ဒီအိပ်ချ်အယ်လ်ပို့ဆောင်ရေးကုမ္ပဏီမှ အရပ်ဘက် ကုန်တင်လေယာဉ်တစ်စင်းသည် ပခုံးထမ်း ဒုံးကျည်ဖြင့် ပစ်ခတ်ခံရပုံရပြီး တောင်ပံ မီးစွဲလောင်သဖြင့် ဘဂ္ဂဒက်လေဆိပ်၌ အရေးပေါ် ထိုးဆင်းခဲ့ရသည်။

ဒုံးကျည်ထိမှန်

လေယာဉ်သည် မြေပြင်မှဝေဟင်ပစ် ဆမ်-၇ ဒုံးကျည် ထိမှန်ခံရခြင်းဖြစ်သည်ဟု စစ်ဘက် သတင်းရပ်ကွက်တစ်ခုက ပြောဆိုသည်။ တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံအလယ်ပိုင်း၌ စစ်ဘက်ရဟတ်ယာဉ်များကို ပစ်ချရာတွင် အဆိုပါ ပခုံးထမ်းပစ်ရသော လက်နက်များကို အသုံးပြုခဲ့ကြသည်။

ယင်းကုန်တင်လေယာဉ် မီးစွဲလောင်ရခြင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း စစ်ဘက်က ပြောဆိုသည်။ ယခင်က လေယာဉ်များသည် ပစ်မှတ်ထားခဲ့ရသော်လည်း ဘဂ္ဂဒက်လေဆိပ်အဝင်နှင့် အထွက်တွင် ဒုံးကျည်များ ထိမှန်ခံရခြင်း မရှိခဲ့ဟု စစ်ဘက်ဆိုင်ရာက ပြောဆိုသည်။ ဘဂ္ဂဒက်လေဆိပ်သည် အမေရိကန်တပ်များနှင့် လူသားချင်းစာနာသည့် ရိက္ခာပစ္စည်းများအတွက် အဓိကကျသော လေဆိပ်ဖြစ်သည်။

ခန်ဘာနီဆက်ဒ်နှင့် အနီးရှိ ဘာကူဘာမြို့ရှိ ရဲစခန်းများကို တိုက်ခိုက်ခြင်းများသည် တစ်ခုနှင့်တစ်ခု နာရီဝက်အတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရာမာဒန်ဥပုသ်လကုန်ခါနီး၌ တိုက်ခိုက်မှုများ ပေါ်ပေါက်နိုင်ကြောင်း အမေရိကန်ထောက်လှမ်းရေးက သတိပေးခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့၏ အရှေ့မြောက် ဆင်ခြေဖုံးရှိ ဈေးမြို့ဖြစ်သော ခန်ဘာနီဆက်ဒ်၌ လူ ၁၀ ဦးသေဆုံးခဲ့ရာ ရဲအဖွဲ့ဝင်ခြောက်ဦး၊ အရပ်သားသုံးဦးနှင့် ယာဉ်မောင်းတစ်ဦးတို့ဖြစ်သည်။ သေဆုံးသူတစ်ဦးမှာ ငါးနှစ်အရွယ် မိန်းကလေးဖြစ်သည်ဟု ရဲအဖွဲ့က ပြောဆိုသည်။ လူ ၁၀ ဦးလည်း ဒဏ်ရာရကြောင်း သိရသည်။

ကားကိုဖောက်ခွဲ

ဘာကူဘာ၌ အသေခံ ကားဗုံးဖောက်ခွဲမှုတွင် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်ငါးဦး ပျောက်ဆုံးနေသည်ဟု ဆိုသည်။ အရပ်သား ၁၀ ဦးလည်း ဒဏ်ရာရသည်ဟု အရာရှိများက ပြောဆိုသည်။ နစ်ဆန်ကားတစ်စီး ပုံမှန်အရှိန်ဖြင့် ရဲစခန်းရှိရာသို့ မောင်းလာသည်ကို တွေ့ရကြောင်း၊ ဂိတ်အနားသို့ ရောက်လာချိန်၌ ရဲက ရပ်ရန်အချက်ပြသည်ကို မရပ်ဘဲ ကားကိုဖောက်ခွဲပစ်လိုက်ကြောင်း ရဲတပ်ကြပ် အမ်မာအာမက်က ပြောကြားသည်။

(အင်တာနက်)

နိုဝင်ဘာ ၂၂ ရက်က ဘဂ္ဂဒက် အရှေ့မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် ရဲစခန်းတစ်ခု၏ အပြင်ဘက်၌ ကားဖြင့် ဗုံးခွဲတိုက်ခိုက်ခံရသည့်နေရာကို အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုဝင်ဘာ ၂၂ ရက်က မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် ထိမှန်ပြီး ဒီအိပ်ချ်အယ်လ် ကုန်တင်လေယာဉ်တစ်စင်း ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။ (ပုံတွင် ဒီအိပ်ချ်အယ်လ် ကုန်တင်လေယာဉ် တစ်စင်းကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ဟိုတယ်ကြီးနှစ်ခုကို ဒုံးကျည်များဖြင့်ပစ်ခတ်ရာတွင် မြည်းဆွဲလှည်းများပေါ်မှနေ၍ ပြောက်ကျားတို့က အနီးကပ်ပစ်ခတ်ခဲ့

ဘဂ္ဂဒက် နိုဝင်ဘာ ၂၂

မြည်းလှည်းများပေါ်မှနေ၍ ဒုံးကျည်များကို ပစ်ခတ်ခဲ့သည်။ ဖောက်ခွဲရေးပစ္စည်းများကို လမ်းဘေး၌ သေသော တိရစ္ဆာန် အသေကောင်များအတွင်း၌ ဝှက်ထားခဲ့ကြသည်။ မြေမြှုပ်မိုင်းများကို တိုက်ခိုက်ရေးအတွက် ပြောင်းသုံးစွဲလာခဲ့ကြသည်။ အီရတ်ရှိ တိုက်ခိုက်ရေးသမားများသည် အမေရိကန်ဦးဆောင်သော သိမ်းပိုက်မှုကို ဆန့်ကျင်တိုက်ခိုက်ရန်အတွက် နည်းစနစ်များကို အခြားမှယူလျက်ရှိကြသည်။

အီရတ် ရေနံဝန်ကြီးဌာနနှင့် နိုင်ငံတကာဆိုင်ရာ သတင်းစာဆရာများနှင့် အရပ်သား ကာကွယ်ရေးကန်ထရိုက်လုပ်ငန်းရှင်များအသုံးပြုသည့် ဟိုတယ်နှစ်ခုကို ပြောက်ကျားတို့က မြည်းဆွဲသစ်သားလှည်းများပေါ်မှနေ၍ ပစ်ခတ်ခဲ့ခြင်းသည် အီရတ်လူမျိုးတို့၏ နောက်ဆုံးပေါ်တိုက်ခိုက်ရေး နည်းစနစ်၏ အမှတ်လက္ခဏာဖြစ်သည်။

ပါလက်စတိုင်းဟိုတယ်နှင့် အနီးရှိ ရှာရီတွန်ဟိုတယ်တို့ကို ဒုံးကျည်များ ထိမှန်ပေါက်ကွဲသဖြင့် အရပ်သား ကန်ထရိုက်တစ်ဦး ဒဏ်ရာရခဲ့သည်။ ရေနံဝန်ကြီးဌာနမှာမူ ဝတ်ပြုဆုတောင်းသည့်နေ့ဖြစ်၍ ပိတ်ထားသောကြောင့် ထိခိုက်သေဆုံးသူမရှိ ဖြစ်ခဲ့သည်။

မြည်းဆွဲလှည်းများပေါ်၌တင်ထားသော နောက်ထပ်ဒုံးကျည်လောင်ချာနှစ်ခုကို သံရုံးနှင့် ရုံးအချို့ရှိရာ ဝါဇီရီယာ အရပ်၌ ရှာဖွေတွေ့ရှိခဲ့သည်။ လှည်းတစ်စီးမှာ ဖောက်ခွဲရေးပစ္စည်းများ ပူးချည်ထားသော ပရိုပိန်းဘူးတစ်ဘူးကို ယူဆောင်လာသည်ဟု ဆိုသည်။

မြည်းဆွဲလှည်းများမှာ ဘဂ္ဂဒက်၊ ကိုင်ရိုနှင့် အခြားအရှေ့အလယ်ပိုင်းမြို့ကြီးများ၏ လမ်းများပေါ်တွင် အများအားဖြင့် မြင်တွေ့နေကျဖြစ်သည်။ ဟိုတယ်များကိုပစ်ခတ်ရာ၌ အသုံးပြုခဲ့သောလှည်းသည် အဓိကလမ်းမကြီးတစ်ခုပေါ်၌ရှိပြီး ရဲစခန်းတစ်ခုမှ ရပ်ကွက်နှစ်ခု မဝေးသောအကွာအဝေးနှင့် အမေရိကန်အစောင့်တပ်မှ ကိုက် ၂၀၀ ခန့်အကွာ၌ ရှိခဲ့သည်။ **(အင်တာနက်)**

ရေနံနှင့်စားနပ်ရိက္ခာဖလှယ်ရေး ကုလအစီအစဉ်တရားဝင်အဆုံးသတ် အီရတ်ပြည်သူများထံ စားနပ်ရိက္ခာများရောက်ရှိမှု ရပ်ဆိုင်းမသွား

နယူးယောက် နိုဝင်ဘာ ၂၂

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ ရေနံနှင့်စားနပ်ရိက္ခာဖလှယ်ရေးအစီအစဉ်သည် တရားဝင်အဆုံးသတ်သွားပြီ ဖြစ်သော်လည်း အီရတ်ပြည်သူများထံသို့ စားနပ်ရိက္ခာများရောက်ရှိမှု ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း သိရသည်။ ထိုရိက္ခာဝေငှရေးအတွက် စီပီအေခေါ် ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့က ရှစ်ဘီလီယံတန်ဖိုးရှိသော စားနပ်ရိက္ခာများကို တာဝန်ယူထားရာ ယင်းသည် ၂၀၀၄ ခုနှစ် ဇွန်လ၌ အီရတ်ပြည်သူများထံ အုပ်ချုပ်မှုအာဏာလွှဲပေးရန် စီစဉ်ထားချက်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

၁၉၉၀ ပြည့်၌ ကူဝိတ်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့မှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်နိုင်ငံကို စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။ ထိုစီးပွားရေးပိတ်ဆို့မှုသည် အီရတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်သွင်းမှု အားလုံးနှင့် အီရတ်မှတင်ပို့မှုအားလုံးကို တားမြစ်ခဲ့ခြင်းကြောင့် အီရတ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်သည်ကို ကုလသမဂ္ဂက သုံးသပ်ခဲ့သည်။

အာဟာရချို့တဲ့

ယင်းကြောင့် ရေနံနှင့် စားနပ်ရိက္ခာဖလှယ်ရေးအစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ရသည်။ သို့သော်လည်း ကုလသမဂ္ဂ၏ စာရင်းဇယားများအရ အီရတ် ကလေးသုံးဦးလျှင် တစ်ဦးသည် အာဟာရချို့တဲ့မှုခံစားနေခဲ့ရသည်။

၁၉၉၇ ခုနှစ် မတ်လ၌ ပထမဆုံး ရေနံနှင့် စားနပ်ရိက္ခာဖလှယ်ရေးအစီအစဉ်မှ အကူအညီများ ရောက်ရှိခဲ့သည်။ ထိုအစီအစဉ်ကို အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကုလသမဂ္ဂက စီစဉ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းကို အီရတ်အစိုးရက တာဝန်ယူခဲ့သည်။

ရေနံနှင့် စားနပ်ရိက္ခာဖလှယ်ရေးအစီအစဉ် စတင်ချိန်က ရေနံရောင်းချမှုသည် နှစ်ဘီလီယံဒေါ်လာဖိုးသာရှိသော်လည်း ယင်းအစီအစဉ် ပြီးဆုံးသွားချိန်၌ ရေနံရောင်းချမှုသည် ၆၅ ဘီလီယံဖိုး ရှိခဲ့ပြီဖြစ်သည်။

စားနပ်ရိက္ခာ

ရေနံရောင်းချမှုမှ ၆၆ ရာခိုင်နှုန်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်အတွက် အသုံးပြုရန်နှင့် ၃၀ ရာခိုင်နှုန်းကို စစ်ပွဲမှ ပျက်စီးမှုများကို ပြင်ဆင်ရာမှာ အသုံးပြုရန်ဖြစ်ပြီး ကျန်ရှိသည်ကို ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအတွက် အသုံးပြုရန် စီစဉ်ခဲ့သည်။ အီရတ်ပြည်သူ ၆၀ ရာခိုင်နှုန်းသည် ယခုထိ ရေနံနှင့် စားနပ်ရိက္ခာဖလှယ်ရေး အစီအစဉ်မှာ အစားအစာဖြန့်ဝေမှုအပေါ်မှ မှီခိုလျက်နေရသည်။ အီရတ်စိုက်ပျိုးရေးလုပ်ငန်းအချို့ကို ပြန်လည်စတင်နေပြီဖြစ်သော်လည်း အီရတ်လူမျိုး အများအပြား စားနပ်ရိက္ခာအတွက် ပူပန်လျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မိမိလုပ်ဆောင်ချက် နည်းလမ်းမမှန် ကန်ဒုတိယဗိုလ်မှူးကြီးဝန်ခံ

တီကရစ် နိုဝင်ဘာ ၂၀

ဖမ်းဆီးထားသော အီရတ်တစ်ဦး၏ ဦးခေါင်းကို သေနတ်ဖြင့်ပစ်ရန် လုပ်မိသည်မှာ မှားကြောင်း အမေရိကန်အဆင့်မြင့် စစ်ဘက်အရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် အီရတ်၌ စစ်ဘက် စစ်ဆေးကြားနာမှုတွင် အစစ်ခံထွက်ဆိုသည်။ သို့ရာတွင် ၎င်းအရာရှိက မိမိ၏လူများကို ကာကွယ်ရန်အတွက် မိမိ၏အသက်ကို စွန့်မည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြု ပြောဆိုခဲ့သည်။

ဝက်စ်အား ဟာမူဒီကို ရိုက်နှက်ထိုးကြိတ်မှု၊ သတ်မည်ဆိုပြီး ဟာမူဒီ၏ ဦးခေါင်းအနီးမှ သေနတ်ဖြင့် ပစ်ခတ်မှုလုပ်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာက စွပ်စွဲထားသည်။

မိမိလုပ်ဆောင်ချက် နည်းလမ်းမမှန်သည်ကို မိမိသိကြောင်း၊ သူကြောက်လန့်အောင် နည်းမျိုးစုံဖြင့် မိမိလုပ်ခြင်းဖြစ်သော်လည်း သူ့အသက်ကို မိမိမလုပ်ကြောင်း ကြားနာစစ်ဆေးမှု၌ ဝက်စ်က ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

24-11 (4).p65 1 3/24/05, 10:29 PM

အီရတ်၌ အမေရိကန်ဦးဆောင်တပ်များ သေဆုံးမှု တရိပ်ရိပ်တိုးလာနေ

ဗီယက်နမ်စစ်ပွဲကာလက တွေ့ကြုံခဲ့ရမှုများကို ပြန်လည်သတိရပါ

ဘဂ္ဂဒက်ရှိ ရေနံ့ဝန်ကြီးရုံးနှင့် အမေရိကန်တို့နေထိုင်ရာဟိုတယ်နှစ်ခုအား

အီရတ်ပြောက်ကျားများက မြည်းဆွဲလှည်းပေါ်မှ ဒုံးကျည်များဖြင့်ပစ်ခတ်

နိုဝင်ဘာ ၂၁ရက်က ဘဂ္ဂဒက်မြို့ ပါလက်စတိုင်း ဟိုတယ်အနီးရှိ ခေါင်မိုးတစ်ခုပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စစ်ဆေးနေစဉ်။ (အပေါ်ပုံ)

(အမေရိကန်အလုပ်သမားများနှင့် နိုင်ငံခြားသားများနေထိုင်ရာ ပါလက်စတိုင်းဟိုတယ်နှင့် ရှယ်ရတွန် ဟိုတယ်များသည် အနည်းဆုံး ဒုံးကျည်ခြောက်ချက်ခန့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရသည်။) (ဓာတ်ပုံ– အင်တာနက်)

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ လာရောက်စဉ်အတွင်း ဆန့်ကျင်ဆန္ဒပြပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။ (ဝဲပုံ) ယင်းဆန္ဒပြသူများထဲတွင် လူတစ်ဦးက အီရတ်ကို ကျူးကျော် တိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင်သောတပ်များအား ဗီယက်နမ်စစ်ပွဲ ကာလက တွေ့ကြုံခဲ့ရသည်များကိုပြန်လည် သတိရပါဟူသော ဆိုင်းဘုတ်ကို ကိုင်ဆောင်ထားသည်။ (ဓာတ်ပုံ– အင်တာနက်)

နိုဝင်ဘာ ၂၂ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၆၀အကွာ ဘာကူဘာမြို့ရှိ ရဲစခန်းအပြင်ဘက်၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။ (ဝဲပုံ)

(ယင်းတိုက်ခိုက်မှုကြောင့် အီရတ်ရဲ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးသွားသည်။)

(ဓာတ်ပုံ– အင်တာနက်)

အီရတ်နိုင်ငံအား ကျူးကျော်သူ အမေရိကန်ဦးဆောင်တပ်များသည် ပြောက်ကျားများ၏ အပြင်းအထန်ခုခံတိုက်ခိုက်မှုများကို ခံနေကြရသည်။ အပေါ်ပုံမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ အမေရိကန်ဆန့်ကျင် တိုက်ခိုက်ရေးသမား အီရတ်ပြောက်ကျားနှစ်ဦးက အမေရိကန် တပ်များကို တိုက်ခိုက်ရန် အက်စ်အေ–၁၄အမျိုးအစား မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်များကိုထမ်းလျက် တွေ့ရစဉ်။ (ဓာတ်ပုံ– အင်တာနက်)

နိုဝင်ဘာ ၂၁ရက်က ဘဂ္ဂဒက်မြို့ အီတလီသံရုံးအပြင်ဘက်ရှိ မြည်းဆွဲလှည်း ပေါ်တွင် စီ၍တင်လာသော ဒုံးကျည်များကို အမေရိကန် တပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ်။ (ဝဲပုံ)

(ဒုံးကျည်တစ်ဒါဇင်ကျော်ခန့် အဆိုပါ မြည်းဆွဲလှည်းပေါ်မှနေ၍ အီရတ် ရေနံ့ဝန်ကြီးဌာန၊ ပါလက်စတိုင်းဟိုတယ်နှင့် ရှယ်ရတွန်ဟိုတယ်တို့ကို ပစ်ခတ်ခဲ့သည်။ ယင်းဟိုတယ်များ၌ အမေရိကန် အလုပ်သမားများနှင့် နိုင်ငံခြားသားများ နေထိုင်လျက်ရှိကြသည်။) (ဓာတ်ပုံ– အင်တာနက်)

နိုဝင်ဘာ ၂၂ရက်က တီကရစ်မြို့ ပတ်ဝန်းကျင်၌ ကင်းလှည့်ပျံသန်းနေသော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းကိုတွေ့ရစဉ်။ (တီကရစ်မြို့ ဝန်းကျင်သည် အမေရိကန် ဦးဆောင်တပ်ဖွဲ့များအား ခုခံတိုက်ခိုက်မှု ပြင်းထန်သော ဒေသတစ်ခု ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ရာမာဒီရှိ အမေရိကန်လိုလားသော အီရတ်ခေါင်းဆောင်၏ အိမ်အနီး ကားဗုံးပေါက်ကွဲသဖြင့် အီရတ်တစ်ဦးသေပြီး အခြားတစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၂

ရာမာဒီမြို့တွင် အမေရိကန်လိုလားသော အီရတ်လူမျိုးစုခေါင်းဆောင်တစ်ဦး၏ အိမ်အပြင်ဘက်၌ ကားဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့ညပိုင်းက ပေါက်ကွဲသဖြင့် အီရတ်တစ်ဦး သေဆုံးကြောင်း ဒေသခံတစ်ဦးက ပြောဆိုသည်။

ကားဗုံးသည် ရှမ်ခ်အမာအလီ ဆူလီမန်၏ အိမ်အနီး၌ ည ၉နာရီ ၁၅ မိနစ်အချိန်၌ ပေါက်ကွဲခဲ့ကြောင်း ညီအစ်ကိုဝမ်းကွဲတော်သူ ယာဆာအလီက ပြောဆိုသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဆူလီမန် ဒဏ်ရာမရသော်လည်း အီရတ်တစ်ဦးသေပြီး အခြားလူတစ်ဦး ဒဏ်ရာရကြောင်း အလီက ပြောဆိုသည်။

ခေါင်းဆောင်

ဆူလီမန်သည် အီရတ်၌ အကြီးဆုံး မျိုးနွယ်စုတစ်စု ဖြစ်သောဂျူလီအင်မ်မျိုးနွယ်စု၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းသည်မြို့တော်ကောင်စီဝင်တစ်ဦးဖြစ်ကာ အမေရိကန်တို့နှင့် ရင်းနှီးသူ ဖြစ်သည်။ ရာမာဒီသည် အီရတ်နိုင်ငံ၏မြို့တော် ဘဂ္ဂဒက်၏ အနောက်ဘက် မိုင် ၆၀ခန့်ရှိပြီး အမေရိကန်ဆန့်ကျင်ရေး အပြင်းထန်ဆုံးဖြစ်ရာ ဆွန်နီတြိဂံဒေသ၏ အစိတ်အပိုင်းဖြစ်သည်။

ဧပြီလတွင် အီရတ်နိုင်ငံ အမေရိကန်သိမ်းပိုက်မှု အောက်ရောက်ခဲ့ချိန်မှစပြီး ကားဗုံးများပေါက်ကွဲမှုကြောင့် လူဒါဇင်များစွာ သေဆုံးခဲ့ရသည်။

ပစ်မှတ်

ကားဗုံးများကြောင့် ဘဂ္ဂဒက်ရှိ ကုလမသဂ္ဂရုံးချုပ်နှင့် နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီရုံးများ ပျက်စီးခဲ့ရသည်။ ရဲစခန်းအချို့လည်း ကားဗုံးများ၏ ပစ်မှတ်ဖြစ်ခဲ့ကြရသည်။ **(အင်တာနက်)**

အမေရိကန်စစ်ယာဉ်တန်း ဗုံးပေါက်ကွဲထိမှန် တပ်ဖွဲ့ဝင်တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၂

အမေရိကန်စစ်ယာဉ်တန်းတစ်ခု ရာမာဒီမြို့အနီး၌ ကြာသပတေးနေ့က ဖြတ်မောင်းသွားစဉ် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး နှစ်ဦးဒဏ်ရာရသည်ဟု အမေရိကန်စစ်ဘက် ပြောခွင့်ရှိသူက ပြောကြားသည်။

တိုက်ခိုက်မှုသည် အမေရိကန်တပ်များကို ခုခံတိုက်ခိုက်မှု အပြင်းထန်ဆုံးဒေသဖြစ်သော ဆွန်နီတြိဂံဒေသရှိ ရာမာဒီမြို့အရှေ့ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်တွင်တိုက်ပွဲ၌သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၈၀ ထိ ရှိခဲ့သည်။ **(အင်တာနက်)**

အီရတ်၌ လှုပ်ရှားမှုများကို စူးစိုက်နိုင်ရန် ဂျော်ဒန် သို့မဟုတ် ဆိုက်ပရပ်၌ ကုလရုံးဖွင့်နိုင် မိမိတို့ကိုယ်တိုင်လည်း အီရတ်တို့ကို ကူညီလိုကြောင်း ကုလအတွင်းရေးမှူးချုပ်ပြောဆို

ကုလသမဂ္ဂ နိုဝင်ဘာ ၂၂

အီရတ်နိုင်ငံတွင် လှုပ်ရှားမှုများကို စူးစိုက်နိုင်ရန်အတွက် ဂျော်ဒန် သို့မဟုတ် ဆိုက်ပရပ်၌ ဒေသဆိုင်ရာရုံး ကုလသမဂ္ဂက ဖွင့်လှစ်နိုင်ကြောင်း အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ဘဂ္ဂဒက်လုံခြုံရေးအခြေအနေသည် ကုလသမဂ္ဂ အမှုထမ်းများ ပြန်သွားရန် လုံခြုံမှုမရှိဖြစ်နေဆဲပင် ရှိသော်လည်း အီရတ်နိုင်ငံထဲသို့ အလုပ်သမားများပုံမှန်သွားရောက်လုပ်ကိုင်ခြင်းဖြင့် အီရတ်နိုင်ငံ၏ ပြင်ပမှနေပြီး အီရတ်အုပ်ချုပ်မှုကောင်စီကို မည်သို့အကူအညီပေးရမည်ကို ဆန်းစစ်နေကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ကုလသမဂ္ဂသည် ဗီယာရာဒီမဲလို သေဆုံးခဲ့ပြီးနောက် ကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှု၏ ယာယီ အကြီးအကဲအဖြစ် ခန့်ထားခဲ့သော ပေါ်တူဂီနိုင်ငံမှ ရာမီရိုလိုပက်စ်ဒါဆင်လ်ဗာကို ကုလသမဂ္ဂဗုံးဖောက်ခွဲခံရချိန်၌ လုံခြုံရေးလျော့ရဲသည့်အတွက် တာဝန်ရှိမှုဖြင့် ယခုလ အစောပိုင်း၌ ရာထူးမှ ထုတ်ပယ်ခဲ့သည်။

တိုက်တွန်း

ပြင်သစ်၊ ရုရှားနှင့် ဂျာမနီတို့က လွန်ခဲ့သည့်သီတင်းပတ်ကုန်၌ အုပ်ချုပ်မှုကို မြန်မြန်ထက်ထက် လွှဲပြောင်းရန် အမေရိကန်ဦးဆောင်သော ပူးပေါင်းအဖွဲ့နှင့် အုပ်ချုပ်မှုကောင်စီတို့ သဘောတူချက်ရခဲ့ကြပြီးနောက် ကုလသမဂ္ဂအနေဖြင့် အီရတ်၌ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြသည်။

စောင့်ကြည့်

ကိုဖီအာနန်က အုပ်ချုပ်မှု ကောင်စီဥက္ကဋ္ဌ ဂျာလာတာလာဘာနီထံမှ ထောက်ပံ့ကူညီရန် ကုလသမဂ္ဂထံ တောင်းခံသည့်စာကိုမိမိရရှိခဲ့ကြောင်း ပြောကြားသော်လည်း အုပ်ချုပ်မှုကောင်စီ ဖွဲ့စည်းပုံမူကြမ်းရေးဆွဲပြီး ရွေးကောက်ပွဲများကျင်းပ မည့်အစီအစဉ်ကို လုံခြုံရေးကောင်စီဝင်များက စောင့်ကြည့်နေကြောင်း ပြောဆိုခဲ့သည်။

ကူညီလို

လူအများသည် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကိုမြင်တွေ့လိုကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း အီရတ်လူမျိုးများကို ကူညီလိုကြောင်း၊ သို့ရာတွင် ဆင်ခြင်မြော်မြင်မှုလည်း ရှိရမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောဆိုသည်။ **(အင်တာနက်)**

နိုဝင်ဘာ ၂၁ရက်က ကယ်ကွတ်မြို့တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားပြီးနောက် မီးလောင်လျက်ရှိသော ကားနှစ်စီးကို တွေ့ရစဉ်။

(အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူသုံးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

လတ်တလောတိုက်ခိုက်မှုများ ဘုရှ်နှင့်ဘလဲ တွေ့ဆုံမှုကို တမင်အချိန်ကိုက်လုပ်ဆောင်

လန်ဒန် နိုဝင်ဘာ ၂၂

ယခုလတ်တလော ဖြစ်ပွားနေ သည့် တိုက်ခိုက်မှုများသည် အမေရိကန်သမ္မတဘုရှ် လန်ဒန်သို့ ရောက်ရှိပြီး တိုနီဘလဲနှင့်တွေ့ဆုံချိန် မတော်တဆကြုံကြိုက်မှုမဟုတ်ဘဲ တမင်သက်သက် အချိန်ကိုက်ရွေးချယ်လုပ်ဆောင်ခြင်းဖြစ်သည်။

ဆက်စပ်

ယင်းသည် အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့၏ စစ်ပွဲကိုဆက်လက်ဆင်နွှဲမည်ဆိုသော ဆုံးဖြတ်ချက်နှင့် ဆက်စပ်လျက်ရှိသည်။

ပေးပို့

တူရကီ၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် ဗြိတိန်လူမျိုးများအတွက် ကမ္ဘာ တစ်ဝန်းမှ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့လျက် ရှိသည်။

ယင်းတိုက်ခိုက်မှုကြောင့် ရှယ်ယာဈေးကွက်များအပေါ် အလွန်အမင်း အကျိုးသက်ရောက်ခဲ့သည်။

အီရတ်စစ်ပွဲ ဆန့်ကျင်သော ဆန္ဒပြမှုနှင့် ဘုရှ်အား ဆန္ဒပြမှုများကို လန်ဒန်၌ ပြုလုပ်လျက်ရှိရာ ဆန္ဒပြသူ တစ်သိန်းခွဲခန့်ရှိသည်။

ပြသ

ဆန္ဒပြမှုနှင့် အစ္စတန်ဘူလ်၌ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် အမေရိကန်တပ်ဖွဲ့များကိုထိခိုက်စေပြီး တိုနီဘလဲအပေါ် ပြည်သူများ၏ ထောက်ခံမှု ကျဆင်းခြင်းကိုလည်း ပြသခဲ့ခြင်းဖြစ်သည်။ **(စီအက်ဖ်အိုင်)**

နိုင်ငံတကာ သတင်းများ

လူသားအရင်းအမြစ် နိုင်ငံတကာဖိုရမ် ဘောဂျင်း၌ကျင်းပမည်

ဘေဂျင်း နိုဝင်ဘာ ၂၂

နိုင်ငံများအကြား လူပုဂ္ဂိုလ်များ အပြန်အလှန်ဖလှယ်မှု တိုးတက်စေရန်နှင့် စီးပွားရေးအပေါ် လူသားအရင်းအမြစ်များ၏ အကျိုးသက်ရောက်မှုများကို စူးစမ်းလေ့လာရန်အတွက် တရုတ်နိုင်ငံတကာဆိုင်ရာ လူပုဂ္ဂိုလ်များ အပြန်အလှန်ဖလှယ်ရေးအသင်းသည် နိုင်ငံတကာ ဖိုရမ်တစ်ရပ်ကို လာမည့်နွေဦးရာသီတွင် ဘေဂျင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အီတလီနှင့် သြစတြေးလျနိုင်ငံတို့၏ လူသားအရင်းအမြစ် အေဂျင်စီများနှင့် လက်တွဲထားသည့် ယင်းဖိုရမ်သည် ဉာဏ်ရည်ဉာဏ်သွေး အရင်းအမြစ်များ ပေါင်းစည်းထားသော ဖိုရမ်တစ်ခုဖြစ်မည်ကို တရုတ်ကမ္ဘော်လင့်ကြောင်း ဖိုရမ်ကျင်းပရေး စည်းရုံးရေးကော်မတီ အတွင်းရေးမှူးချုပ်စီဘင်း၏ ပြောကြားချက်ကို ကိုးကား၍ ချိုင်းနားဒေလီသတင်းစာက ဖော်ပြသည်။

နိုင်ငံခြား ကျွမ်းကျင်ပညာရှင်များ လိုအပ်ရာတွင် နည်းပညာရှင်များ၊ သုတေသနပညာရှင်များ၊ ပုဂ္ဂိုလ်ရေး စီမံခန့်ခွဲမှု၌ မကျွမ်းကျင်သူများနှင့် အဆင့်မြင့်ရှိသူများ၊ နိုင်ငံခြားဘာသာ သင်ကြားသူ ဆရာများ၊ တက္ကသိုလ် ဆရာများ၊ နိုင်ငံခြားဘာသာပြန်သူများ၊ စကားပြန်များနှင့် အယ်ဒီတာများ ပါဝင်သည်။

တရုတ်ပြည်သည် ကဏ္ဍအသီးသီးတွင် နိုင်ငံကို အထောက်အကူပြုရန်အတွက် နိုင်ငံခြားသားများ ပိုမိုဆွဲဆောင်ရန် ၁၉၈၀ပြည့်နှစ်များကစ၍ လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

နှစ်စဉ်ထုတ်ကုန်ကဏ္ဍများ၊ လူမှုရေးဝန်ဆောင်မှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ သတင်းပြန်ကြားရေး၊ ကုန်သွယ်မှု၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများတွင် အလုပ် လုပ်ကိုင်ကြသည့် နိုင်ငံခြားကျွမ်းကျင်သူ ပျမ်းမျှ ၂၄၀၀၀၀ ကို တရုတ်ပြည်မက လက်ခံရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

စာပေဆုချီးမြှင့်ခံရသူများအား ဂုဏ်ပြုညစာတည်ခင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုများတွင် ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုများတွင် ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲတွင် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိကြသူများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စာပေပညာရှင်ကြီးများနှင့် စာပေဆုရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုများတွင် ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် စာပေပညာရှင်ကြီးများနှင့် စာပေဆုရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ် မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုများတွင် ဆုချီးမြှင့် ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ဂုဏ်ပြုအလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်၍ အလှူငွေများကိုလက်ခံသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃) ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင်များဖြစ်ကြသည့် သမဝါယမဘဏ်လီမိတက်က ငွေကျပ် ငါးသိန်း၊ မင်္ဂလာမေ အမျိုးသမီးရိုးရာ ဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းကငွေကျပ်သုံးသိန်း၊ မြင့်မြတ်စက်မှုကုန်ထုတ်နှင့်အထွေထွေ စီးပွားရေးသမဝါယမအသင်းက ငွေကျပ်သုံးသိန်း၊ မာလာမြိုင် အင်တာပရိုက်စ်မှ ဦးဌေးလှိုင်-ဒေါ်လဲ့လဲ့ဦးတို့က ငွေကျပ်သုံးသိန်း၊ Asia World ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ အေဒင်အုပ်စု ဆောက်လုပ်ရေးက ငွေကျပ်ငါးသိန်း၊ Fortune International ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ အိုလံပစ်ကုမ္ပဏီက ငွေကျပ်ငါးသိန်းနှင့် အောင်ရည်ဖြိုးကုမ္ပဏီက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင် ကိုးဦးအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အသင်းအဖွဲ့များမှ အလှူရှင် ၇၂ ဦးတို့က စုစုပေါင်း ငွေကျပ်သိန်း ၂၉၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများက အသီးသီး လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ဒုတိယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။
(သတင်းစဉ်)

စကားရည်လုပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျင်းပသော World AIDS Days နေ့ အကြိုအထိမ်းအမှတ် အနောက်ခြမ်း ငါးမြို့နယ် စကားရည်လုပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ဒလမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်နှင့် တာဝန်ရှိသူများ၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များမှ ဥက္ကဋ္ဌများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သတ်မှတ်ထားသော ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ကြရာ တွံတေးမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ပထမဆုကိုရရှိသွားကာ အရှေ့ပိုင်းခရိုင်နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အထက(၁)လှိုင် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၃

အထက(၁)လှိုင် ၁၉၆၈-၆၉-၇၀ ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်းပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် အထက(၁)လှိုင် အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါညှိနှိုင်းပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းသားကျောင်းသူဟောင်းများသည် ဗိုလ်မှူးကြီးဇော်ထွန်း ဖုန်း-၆၄၂၁၀၆၊ ဦးဇေယျ၊ ဦးမြင့်ဆွေ ဖုန်း-၅၂၅၆၀၂၊ ၅၃၄၆၀၆၊ ဦးခင်ဇော် ဖုန်း-၀၉၉၉-၂၂၅၅၅ နှင့် ဒေါ်လှလှဝင်း ဖုန်း-၅၂၇၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

24-11 (7).p65 1 3/24/05, 10:30 PM



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✻ *အမျိုးသားရေးမှ*

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ရေး ကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆုရပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်၌ ဩဇာအရှိန်အဝါ အကြီးမားဆုံးဟုဆိုရမည့် စာပေအနုပညာကဏ္ဍ၏ ဖွံ့ဖြိုးရှင်သန် တိုးတက်ရေးနှင့် မြန်မာစာပေ ဖွံ့ဖြိုးစည်ပင်ရေးတို့ကို အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်ပေးနိုင်မှု လမ်းကြောင်းမှန်ပေါ်တွင် အစဉ်အမြဲ တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းနေစေရအောင် နိုင်ငံတော်အစိုးရက အထူးအလေးထားပြီး အားပေးချီးမြှောက်လျက်ရှိရာ၌ အမျိုးသားစာပေဆုအပါအဝင် အမျိုးသားအဆင့် စာပေဆုကြီးများ ရွေးချယ်ချီးမြှင့်ခြင်းသည် အမျိုးသားရေး လှုပ်ရှားမှုအတွက် အလွန် တန်ဖိုးကြီးမားသည့် အားပေးချီးမြှောက်မှု တစ်ခုဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အမျိုးသားအဆင့် စာပေဆုကြီးများ ရွေးချယ်ချီးမြှင့်ခြင်းသည် နိုင်ငံတော်အစိုးရ၏ စာပေပညာရှင်ကြီးများအပေါ်ထားရှိသော အလွန်မွန်မြတ်သည့် စေတနာကို ဖော်ညွှန်းပြသနေရုံမျှမက ဆုချီးမြှင့်ခြင်းခံရသည့် စာပေအနုပညာလက်ရာများ၏ အမျိုးသားရေးအကျိုးဖြစ်ထွန်းစေမှုတန်ဖိုးနှင့် စွမ်းပကားကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် အလေးအမြတ်ထား အသိအမှတ်ပြုမှုကိုပါ ထင်ဟပ်ဖော်ပြလျက်ရှိသည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

စာပေသည် စာပေလိုက်စားသူ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဘဝလုံခြုံ ပြည့်စုံ မြင့်မားမှုကို ဖြည့်ဆည်းထောက်ကူပေးနိုင်သည်သာမက မိမိနိုင်ငံနှင့်တကွ တစ်မျိုးသားလုံးကိုပါ နိုင်ငံတကာ့ အလယ်၌ ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်အောင် မြှင့်တင်ပေးနိုင်သည့်စွမ်းအားနှင့် ပြည့်စုံသည်ဆိုသည်ကို စာပေမြတ်နိုးသူတိုင်းက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

စာပေ၏စွမ်းပကားသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်ဖြင့် စာပေဗိမာန်စာမူဆု ပထမဆုရ 'မေတ္တာနိုင်မြေ သတ္တိဖွဲ့နှင့် အခြားဝတ္ထုတိုများ' ရေးသားသူ အောင်သူရိန်(ပုလဲ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံသူနိုင်ငံသားများ၏ အသိဉာဏ်ပညာ၊ ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ အတွေးအခေါ်အမြော်အမြင်ဆင်ခြင်တုံတရား စူးရှထက်သန်မှု၊ ကိုယ်ရည်ကိုယ်သွေး ထက်မြက်မြင့်မားမှုတို့ကို ဖြည့်ဆည်းပေးရာမှာရော မိမိနိုင်ငံ မိမိတည်ဆောက်ကာကွယ်လိုမှု၊သူတစ်ပါးနိုင်ငံ၏ ဩဇာလွှမ်းမိုးရိပ်အောက် မရောက်လိုမှု၊ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားစေလိုမှု စသည့် အမျိုးသားရေး စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို စေ့ဆော်ပေးရာမှာပါ အလွန်ပင် ဩဇာအရှိန်အဝါ ကြီးမားလှကြောင်း။

အားပေးစောင့်ရှောက်လျက်ရှိ

မြန်မာစာပေသည် ဤကဲ့သို့ အမျိုးသားရေးအားမာန်ကို မြှင့်တင်ပေးနိုင်သည့် စာပေ၏စွမ်းပကား၊ စာပေ၏ ဂုဏ်အင်္ဂါတို့ ကုံလုံပြည့်ဝလှသည့်အတွက် သမိုင်းကြောင်း အလှည့်အပြောင်းများစွာတွင် မြန်မာအမျိုးသားများကို ဇာတိသွေး၊ဇာတိမာန်ယိမ်းယိုင်တိမ်းပါးမသွားစေရအောင်၊ အမျိုးသားရေးစိတ်ဓာတ် ထက်မြက် နိုးကြားရှင်သန်နေစေရအောင်၊ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရအောင် အခြေအနေအချိန်အခါနှင့်အညီ စေ့ဆော်နှိုးဆွပေးနိုင်ခဲ့သည့်အားလျော်စွာ နိုင်ငံနှင့်လူမျိုး မပျောက်အောင် ထိန်းကျောင်း တည့်မတ်ပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၏ တိုးတက်ဖြစ်ထွန်းမှုများ၌ အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် ခနအင်အား၊ မီဒီယာအင်အားကို အသုံးချပြီး မြန်မာ့ယဉ်ကျေးမှုနှင့် မတူခြားနားသည့် ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုစနစ်များ၊ လူမှုနှုန်းစံများကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ နည်းလမ်းပေါင်းစုံက အတင်းအကျပ် သွတ်သွင်း သိမ်းသွင်းနိုင်ရန် အားထုတ်လုပ်ဆောင်နေသည်ကို စာပေပညာရှင်ကြီးများ အသိအမြင်ပင်ဖြစ်ကြောင်း၊ ဤသို့သော အခြေအနေအချိန်အခါမျိုးတွင် သမိုင်းအစဉ်အလာကြီးမားလှသည့် မြန်မာစာပေ၏ အမျိုးသားရေးဇာတိမာန်တောက်ပြောင်နိုးကြားအောင် နှိုးဆွပေးနိုင်သည့် စွမ်းပကားကို ဖော်ထုတ်မြှင့်တင်ပေးပြီး မြန်မာလူမျိုးတို့၏ အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို အခိုင်အမာ ပြန်လည်တည်ဆောက်ပေးရန်လိုအပ်နေပြီဖြစ်ကြောင်း။

အထူးသဖြင့် ဂါရဝတရားနှင့် စောင့်စည်းထိန်းသိမ်းမှုကို လျစ်လျူရှုပြီး တစ်ကိုယ်တော် လွတ်လပ်မှုကို ရှေ့တန်းတင်သည့် အနောက်တိုင်း အကျင့်စရိုက်များ၊ အနောက်တိုင်း အတွေးအခေါ်များ၊ အနောက်တိုင်း လူမှုနှုန်းစံများကို အသာစီးရရှိနေသည့် မီဒီယာစွမ်းအားဖြင့် ယဉ်ကျေးမှု မျက်နှာစာက ထိုးဖောက်သွတ်သွင်းလာနေသည့်အခြေအနေတွင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားစာပေ၏ စွမ်းအား၊ ကိုယ်ပိုင် ယဉ်ကျေးမှုစွမ်းအားတို့ဖြင့် သာလျှင် မြန်မာလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာတို့ ယိုယွင်းပျောက်ကွယ်မသွားအောင် ထိန်းသိမ်းကာကွယ်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေ၏ အဖိုးမဖြတ်နိုင်မည့် စွမ်းအားနှင့်တန်ဖိုးကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် စစ်မှန်သော အမျိုးသားစာပေ အဆောက်အအုံကြီးတစ်ရပ် တင့်တင့်တယ်တယ် ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းခိုင်မာနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက်လျက်ရှိနေခြင်းဖြစ်ကြောင်း။

ဂုဏ်ယူမဆုံးဖွယ်

ဤကဲ့သို့ အမျိုးသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးစောင့်ရှောက်လျက်ရှိရာတွင် သမိုင်းအစဉ်အလာ ခံ့ထည်ဝင့်ကြွားခဲ့သည့် မြန်မာစာပေ၏ အောင်လံတံခွန်ကို ယနေ့ထက်တိုင် တည့်မတ်ခိုင်မာစွာ လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်လာခဲ့သည့် စာပေပညာရှင်ကြီးများ၏ ကျေးဇူးတရားကိုလည်း နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီး ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်မှုများကို အစဉ်တစိုက်ပြုလုပ်လျက်ရှိကြောင်း။

မိမိတို့အစိုးရခေတ်ကာလတွင် အမျိုးသားစာပေဆုအပြင် စာပေဆုများ ထပ်ဆင့်တီထွင်ချီးမြှင့်မှုများ၊ ဂုဏ်ပြုဆုငွေများ တိုးမြှင့်ချီးမြှင့်မှုများ ဆောင်ရွက်ခဲ့သည်ကို စာပေပညာရှင်ကြီးများ အသိပင်ဖြစ်ကြောင်း။

အမျိုးသားစာပေဆုများတွင် မိမိတို့၏ တစ်သက်ပန်လုံး မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစိုက်မတ်မတ် သယ်ပိုးထမ်းဆောင်ခဲ့သည့် စာပေပညာရှင်ကြီးများအတွက် 'အမျိုးသားစာပေ တစ်သက်တာဆု'ကို အသစ်တီထွင် ချီးမြှင့်လျက်လည်းရှိကြောင်း။

ထို့ပြင် အမျိုးသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ခန်းတစ်ကဏ္ဍက ပါဝင်စွမ်းဆောင်ခဲ့ကြသည့် စာပေပညာရှင်ကြီးများကို ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမအဆင့်)ကို နိုင်ငံတော်က ရွေးချယ်ချီးမြှင့်လျက်ရှိသကဲ့သို့ တက္ကသိုလ်များကလည်း စာပေပါရဂူဘွဲ့(D.Lit:)ဘွဲ့များ ချီးမြှင့်လျက်ရှိကြောင်း။

မြန်မာစာပေ၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ယနေ့ခေတ်ကာလ၌ နိုင်ငံတော်က ထိုက်တန်စွာ ဂုဏ်ပြုအပ်သည့် ထူးချွန်ပြောင်မြောက်သော စာပေပညာရှင်ကြီးများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေခြင်းသည်လည်း ကာယကံရှင် စာပေပညာရှင်ကြီးများအတွက်သာမက နိုင်ငံတော်အတွက်ရော မြန်မာစာပေလောက တစ်ရပ်လုံးအတွက်ပါ ဂုဏ်ယူမဆုံးဖွယ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ စာပေပညာရှင်ကြီးများ၏ စာပေတာဝန်ကျေပွန်မှု၊ မြန်မာစာပေပရိသတ်ကြီး၏ တစ်ခဲနက် အားပေးမှုများပေါင်းစည်းပြီး မြန်မာစာပေ၏ အဆင့်အတန်းနှင့် အရည်အသွေးသည် ပိုမိုတိုးတက် မြင့်မားနေသည်နှင့်အမျှ ပိုမိုတင့်တယ် တောက်ကြွားမည့် အနာဂတ်ကိုလည်း မှန်းဆပြီး ဝမ်းသာဂုဏ်ယူ၍မဆုံး ဖြစ်နေရကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဘာသာရပ်ဖြင့် စာပေဗိမာန်စာမူဆု ပထမဆုရ 'မြန်မာပန်းချီရေစီးကြောင်း' ရေးသားသူ ပန်းချီလှတင်ထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဤကဲ့သို့ မြန်မာစာပေ၏ အလွန်ကောင်းမွန်သည့် အနာဂတ်ကို နိုင်ငံတော်၏အနာဂတ်နှင့် ယှဉ်တွဲပြီး အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းလာစေရန်လည်း စာပေပညာရှင်ကြီးများနှင့် စာပေဝါသနာရှင်များ၊ စာပေပရိသတ်များအားလုံးက ဆက်လက်ပြီး လက်တွဲညီညီ အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

လမ်းကြောင်းမှန်ကိုညွှန်ပြ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏အနာဂတ်ကို တစ်မျိုးသားလုံး၏ မျှော်လင့်တောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး လမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ ဖော်ဆောင်ပေးနိုင်မည့် ရှေ့လုပ်ငန်းစဉ်မူဝါဒလမ်းစဉ် ခုနစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာပေပညာရှင်ကြီးများကလည်း အမိနိုင်ငံတော်ကြီး၏ အနာဂတ်ကို အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ သေချာခိုင်မာစွာ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာစေရေးတွင် မိမိတို့၏ အစွမ်းထက်မြက်သည့် စာပေ၏ စွမ်းပကားဖြင့် တက်တက်ကြွကြွနှင့် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်သွားကြပါဟု တစ်ဆက်တည်း မေတ္တာရပ်ခံ ပြောကြားလိုကြောင်း။

အထူးသဖြင့် လူငယ်လူရွယ်များကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဗဟုသုတ တိုးပွားလာစေရန်၊ အမှန်တရားကို ထိုးထွင်းသိမြင်နိုင်သည့် ဉာဏ်ပညာနှင့်ပြည့်စုံ ကြွယ်ဝလာစေရန်၊ နိုင်ငံတကာမြင်ကွင်းကို 'မြန်မာ့အမြင်'နှင့် ရှုမြင်နိုင်စေရန်

စာပေစွမ်းပကားဖြင့် တည့်မတ်မှန်ကန်သည့် လမ်းကြောင်းမှန်ကို ညွှန်ပြသွားကြပါဟု ပြောကြားလိုကြောင်း။

စာပေစွမ်းပကားဖြင့်စွမ်းဆောင်

အလားတူပင် နိုင်ငံတကာ၌တွင်ကျယ်ခေတ်စားနေသည့် သိပ္ပံနှင့်နည်းပညာရပ်များ မိမိနိုင်ငံတော်အတွင်း ဟန်ချက်ညီညီထွန်းကားပြန့်ပွားစေရအောင် တစ်ချိန်တည်းမှာပင် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး အဆင့်အတန်း မြင့်မားထည်ဝါသည့် ယဉ် ကျေးမှုဓလေ့စရိုက်အစဉ်အလာများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ခေတ်ကာလနှင့်လျော်ညီစွာ တိုးတက်ဖြစ်ထွန်းစေရအောင် မျက်နှာစာအသီးသီး၊ ကဏ္ဍအသီးသီးက ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို တုံ့ပြန်ရင်ဆိုင်နိုင်မည့် အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများ တိုးတက် ခိုင်မာစေရအောင် စာပေ၏စွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟုတိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

– **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် အမျိုးသားရေး ဂုဏ်သိက္ခာတင့်တယ်မြင့်မားစွာဖြင့် ဝံ့ဝံ့ကြွားကြွား ရပ်တည်နိုင်စေရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရေးတွင် အမျိုးသားရေးစွမ်းအားစု အစစ်အမှန်ဖြစ်သည့်**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကဗျာပေါင်းချုပ်ဘာသာရပ်ဖြင့် စာပေဗိမာန်စာမူဆု ဒုတိယဆုရ 'အလင်္ကာပုလဲပန်းကဗျာစု' ရေးသားသူ မောင်သက်နှင်း(မ/ဥ) အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံသူနိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရေးအတွက် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊

– **သမိုင်းအစဉ်အလာကြီးမားစွာဖြင့် မြန်မာစာပေ၏ ထူးခြားပြောင်မြောက်စွာ အမျိုးသားရေးတာဝန်ကျေပွန်ခဲ့မှုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးကြပါ၊**

– **အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးသွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

ဆုချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ 'ဆဋ္ဌဂံ' ကို ရေးသားသူမစန္ဒာ၊ ဝတ္ထုတိုပေါင်းချုပ်ဆုရ 'သဏ္ဍာန်မဲ့ထုထည်ဝတ္ထုတိုစု'ကို ရေးသားသူ သန်းမြင့်အောင်၊ ကဗျာပေါင်းချုပ်ဆုရ ပထမဆုကဗျာများကို ရေးသားသူ ဇော်မင်းမင်းဦး၊ စာပဒေသာဆုရ 'နှစ်လေးဆယ်ဘဝမှတ်တိုင်များ' ကို ရေးသားသူ မောင်ခင်မင် (ဓနုဖြူ)၊ ကလေးစာပေဆုရ 'မောင်လူမွေးနဲ့ မပန်းမှုန်ကလေးကဗျာများ'ကို ရေးသားသူ မင်းရွှေမင်း (အင်းစိန်)၊ လူငယ်စာပေဆုရ 'ပန်းပွင့်ကလေးများ မွေးပါသည် လက်ရွေးစင်လူငယ်ဝတ္ထုတို'များကို ရေးသားသူ ရေနံ့မြေ မောင်မောင်ကြည်၊ ဘာသာပြန် (သုတ)ဆုရ 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့' ကို ရေးသားသူ ဟိန်းလတ်၊ ဘာသာပြန်(ရသ) ဆုရ 'ကာရာမာဇော့ညီအစ်ကိုများ' ကို ရေးသားသူနတ်နွယ်၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုရ 'သမိုင်းရှာပုံတော်ခရီးနှင့်အခြားစာတမ်းများ' ကို ရေးသားသူ မကြန်၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုရ 'သိပ္ပံနည်းကျ ကမ္ဘာ့တိုင်းရင်းဆေး'ကို ရေးသားသူ ဒေါက်တာကျော်သန်းထွန်း (ကန်တုန် ဆေးတက္ကသိုလ်)နှင့် သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ 'မျက်စိကျန်းမာလူချမ်းသာ' ကို ရေးသားသူ ဒေါက်တာထွန်းအောင်ကျော်(မျက်စိ) တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဦးထင်ဖတ်(မောင်ထင်) အား ဆုချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိကြသူများအနက် ဝတ္ထုရှည်ဘာသာရပ်တွင် ဒုတိယဆုရရှိသည့် 'နှလုံးလှဂုဏ်ရည်' စာမူကို ရေးသားသူ နန်းမိုးဇောအောင်နှင့် တတိယဆုရရှိသည့် 'သောင်းရင်းမြစ်ကို သက်သေတည်၍' စာမူကို ရေးသားသူ ကေ(တောင်တန်းပြာ) တို့အားလည်းကောင်း၊ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်တွင် ပထမဆုရရှိသည့် 'မေတ္တာခိုင်မြဲသတ္တိဖွဲ့နှင့် အခြားဝတ္ထုတိုများ' စာမူကို ရေးသားသူ အောင်သူရိန် (ပုလဲ)၊ ဒုတိယဆုရရှိသည့် 'ခိုင်မာနေသောကြိုးမျှင်လေးနှင့် အခြားဝတ္ထုတိုများ' စာမူကို ရေးသားသူ ထားမြတ်မာ (ဒဂုံတက္ကသိုလ်) နှင့် တတိယဆုရရှိသည့် 'မဆုံးသောခရီး၊ မပြီးသောတရားနှင့် အခြား ဝတ္ထုတိုများ'စာမူကို ရေးသားသူ သောင်းမြင့်ဦး (ကွမ်းခြံကုန်း) တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများအနက် ကဗျာပေါင်းချုပ် ဘာသာရပ်တွင် ပထမဆုရရှိသည့် 'ရေကြည်တစ်မှုတ်ပန်းတစ်ဆုပ်ကဗျာပေါင်းချုပ်'စာမူကို ရေးသားသူ ရွှေမြိုင်မောင်ဖူးဝါ၊ ဒုတိယဆုရရှိသည့် 'အလင်္ကာပုလဲပန်းကဗျာစု' စာမူကို ရေးသားသူ မောင်သက်နှင်း(မြောက်ဥက္ကလာ)နှင့် တတိယဆုရရှိသည့် 'သစ္စာရိပ်မြုံပန်းမွှံနံ့လှိုင်ကဗျာများ' စာမူကို ရေးသားသူ ဇာနည်ကိုယ်စား မောင်လှမျိုးအားလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာပညာရပ်)တွင် ပထမဆုရရှိသည့် 'ရတနာသုံးသွယ်' စာမူကို ရေးသားသူ ဦးသောင်းငွေ၊ ဒုတိယဆုရရှိသည့် 'နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း'စာမူကို ရေးသားသူ ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)နှင့် တတိယဆုရရှိသည့် 'ကြံမှသကြား ပြည့်စီးပွား' စာမူကို ရေးသားသူ မောင်နွယ်သန်း (ပြန်/ဆက်)တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများအနက် သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)သာသာရပ်တွင် ပထမဆုရရှိသည့် 'မြန်မာ့မုတ်သုန်' စာမူကို ရေးသားသူ နိုင်ရွှေမိုး၊ ဒုတိယဆုရရှိသည့် 'လက်တွေ့အခြေခံအဆောက်အအုံပညာ' စာမူကို ရေးသားသူ ထင်လင်းအောင် (မြို့ပြ)နှင့် တတိယဆုရရှိသည့် 'ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝဓာတ်ငွေ့နည်းပညာ' စာမူကို ရေးသားသူ ရွှေနဂါးတင်ဝင်းတို့အားလည်းကောင်း၊ စာပေပဒေသာဘာသာရပ်တွင် ပထမဆုရရှိသည့် 'ဦးနှောက်တစ်လုံး လက်တစ်ဖက်၊ မျက်စိတစ်လုံး ဘဝခရီးအဆက်' စာမူကို ရေးသားသူ မောင်စိန်ထွေး၊ 'ပန်းအလင်္ကာ' စာမူကို ရေးသားသူ ယောနကဘိုးထောင်နှင့် တတိယဆုရရှိသည့်'စာပေဘဏ္ဍာတိုက်' စာမူကို ရေးသားသူ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများအနက် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဘာသာရပ်တွင် ပထမဆုရရှိသည့် 'မြန်မာပန်းချီရေစီးကြောင်း' စာမူကို ရေးသားသူ ပန်းချီလှတင်ထွန်း၊ ဒုတိယဆုရရှိသည့် 'ကြေးသွန်းကြေးခတ် ပန်းတဉ်းအတတ်ပန်းတစ်ရပ်' စာမူကို ရေးသားသူ အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)နှင့် တတိယဆုရရှိသည့် 'ဆိုင်းနောက်ထ' စာမူကို ရေးသားသူ ဇင်မင်း(သမိန်ထော) အားလည်းကောင်း၊ ကလေးစာပေဘာသာရပ်တွင် ပထမဆုရရှိသည့်'နုနုငယ်ငယ်ကလေးအရွယ်ပုံဝတ္ထုများ' စာမူကို ရေးသားသူ ဆုလာဘ်ထွန်းကိုယ်စား ဒေါ်အေးအေးမြင့်၊ ဒုတိယဆုရရှိသည့် 'ကိုရင်လေးရှင်ပညာနှင့် အခြားဝတ္ထုတိုများ' စာမူကို ရေးသားသူ ရဲဘော်မြသိန်း (ဟိုပုန်း)နှင့် တတိယဆုရရှိသည့် 'မြန်မာပြည်ကမ္ဘာတည်ပါစေ ကလေးဝတ္ထုတိုများ' စာမူကို ရေးသားသူ မောင်မွန်မြတ် (ကျေးလက်–မကွေး) တို့အား လည်းကောင်း ဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိကြသူများအနက်လူငယ်စာပေဘာသာရပ်တွင် ပထမဆုရရှိသည့် 'အမေ့သားဂျာအေးနှင့်အခြားလူငယ်ဝတ္ထုတိုများ' စာမူကို ရေးသားသူ မအူပင် လွင်ကျော်နှင့် ဒုတိယဆုရရှိသည့် 'ဗြဟ္မာစိုရ်အရပ်ကရွာသော မိုး'စာမူကို ရေးသားသူ တင်ထွန်း (ချောက်) တို့အားလည်းကောင်း၊ ပြဇာတ်စာပေဘာသာရပ်တွင် ဒုတိယဆုရရှိသည့် 'သူရဲကောင်းစိတ်ဓာတ်ပြဇာတ်များ'စာမူကို ရေးသားသူ ဇင်မင်း(သမိန်ထော)နှင့် တတိယဆုရရှိသည့် 'တို့မြေ၊ တို့ရေ၊ တို့လေ့ပြဇာတ်' စာမူကို ရေးသားသူ တင်ထွန်းဦး (ယဉ်ကျေးမှု) တို့အားလည်းကောင်း၊ ဘာသာပြန် စာပေဘာသာရပ်တွင် ပထမဆုရရှိသည့် 'ဒစ်ဂျစ်တယ်မျက်မှောက်ခေတ်' စာမူကိုရေးသားသူ ဇော်ထွန်းအောင်အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က (၁၄) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအနက် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် 'လေးရပ်လူမှု၊ အခြေပြု၊ ရေးရှုလှမ်းချီ ပြည်သစ်ဆီ'ဆောင်းပါးကို ရေးသားသူ စုခင်လေးဦး၊ ဒုတိယဆုရရှိသည့်

၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိကြသူများ ကိုယ်စား မောင်ခင်မင် (ဓနုဖြူ) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဘာသာပြန် (သုတ) ဘာသာရပ်ဖြင့် အမျိုးသားစာပေဆုရ 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့' ရေးသားသူ ဟိန်းလတ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

'လူမှုရေးမျက်နှာစာမှ ကတုတ်များ' ဆောင်းပါးကိုရေးသားသူ မလှသိန်းနှင့် တတိယဆုရရှိသည့် 'အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး'ဆောင်းပါးကို ရေးသားသူ ဖြူမေသော်(မြန်အောင်) တို့အားလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသည့် 'တုန့်ငြင်းမဲ့ ရွှေနိုင်ငံ' ကဗျာကို ရေးသားသူ မင်းယဉ်စု၊ ဒုတိယဆုရရှိသည့် 'အောင်ပွဲတွေခံ၊ အောင်လံတွေလွှင့်၊ မျိုးမာန်ဝင့်လျက်၊ ဂုဏ်ဆင့်လျက်' ကဗျာကို ရေးသားသူ မင်းသွေးနွယ် (ဇီးကုန်း)နှင့် တတိယဆုရရှိသည့် 'စခန်းအသင့်လမ်းအသင့်' ကဗျာကို ရေးသားသူ မောင်သင်းပျံ့(ကျိုက်ကော်) တို့အားလည်းကောင်း ဆုများ ချီးမြှင့်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအနက် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် 'သစ္စာသွေးဖြင့်ဆေးခဲ့သည်' ဝတ္ထုတိုကို ရေးသားသူ မြခြူးအိမ်၊ ဒုတိယဆုရရှိသည့် 'ရွှေဖလားကို ငွေအနားမကွပ်လိုတော့ပါ'ဝတ္ထုတိုကို ရေးသားသူ သန်းမင်းထိုက်(မြန်မာစာ) နှင့် တတိယဆုရရှိသည့်'အပင်စစ်သော် အမြစ်မြေမှာ'ဝတ္ထုတိုကို ရေးသားသူ သိန်းဇော် (ရွှေလီဦး) တို့အားလည်းကောင်း၊ ဓာတ်ပုံ (ရောင်စုံ) 'ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု'အမည်ဖြင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်သွေးကျော် (Photo Art-2)၊ ဒုတိယဆုရရှိသည့် ကျော်သာနှင့် တတိယဆုရရှိသည့် အေးလွင်ဦး–ရွှေပန်းချီ(ရမည်းသင်း) တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ၌ ဆုရရှိကြသူများအနက် တက္ကသိုလ်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်တက္ကသိုလ် ဒုတိယနှစ်ကွန်ပျူတာမှ ဗိုလ်လောင်းဝင်းလတ်၊ ဒုတိယဆုရရှိသည့် တပ်မတော်နည်းပညာတက္ကသိုလ် ပထမနှစ် ဘီအီးမှ ဗိုလ်လောင်းမြတ်ကိုကိုနှင့် တတိယဆုရရှိသည့် ယဉ်ကျေးမှုတက္ကသိုလ် စတုတ္ထနှစ် သဘင်မှ မောင်တင်လတ်ယုတို့အား ဆုများ ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ၌ ဆုရရှိကြသူများအနက် အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းမှ မစိုးသန္တာ၊ ဒုတိယဆုရရှိသည့် ပဲခူး(အရှေ့) ညောင်လေးပင်မြို့နယ် ပွန်တန်ဆာအခြေခံပညာအလယ်တန်းကျောင်းမှ မစိမ့်စိမ့်သူနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မယုယုမော်တို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ၌ ဆုရရှိသူကြသူများအနက် အခြေခံပညာအလယ်တန်းအဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ကျောက်တန်း မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ မသဇင်သက်စုတင်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်း ပုသိမ်မြို့အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်နှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မဆုမြတ်မောင်မောင်တို့အား ဆုများချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဆုရရှိကြသူများကိုယ်စား ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆု စာပဒေသာဘာသာရပ်တွင် 'နှစ်လေးဆယ်ဘဝမှတ်တိုင်များ' စာအုပ်ကို ရေးသားပြီး စာပဒေသာဆုရရှိသည့် မောင်ခင်မင် (ဓနုဖြူ) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ–တရုတ်ချစ်ကြည်ရေးတင်းနစ် အားကစားယှဉ်ပြိုင်ရန် အားကစားသမားများရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၃

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က စီစဉ်ကျင်းပသော မြန်မာ–တရုတ်ချစ်ကြည်ရေးတင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်းနစ်အားကစားသမား အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။ ယင်းအဖွဲ့အား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)ဒုတိယနေ့တွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးခင်မောင်နှင့် သူရဦးအောင်ကိုတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

■ ပြည်ထောင်စုကြံ့ခိုင်ရေးမှ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်မေစန္ဒာထွန်းကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူး အဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်နန်းမေသဲစုညိမ်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၃) ဒုတိယနေ့ အစည်းအဝေး အထမြောက်ကြောင်း နှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာအတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဆက်လက်ဆွေးနွေးတင်ပြကြရာ ချင်းပြည်နယ်မင်းတပ်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထန်းပိုင်၊စစ်ကိုင်းတိုင်းယင်းမာပင် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ချိုချို၊တနင်္သာရီတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းအောင်၊ ပဲခူးတိုင်း(အနောက်) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်လွင်ဦး၊ ပဲခူးတိုင်း (အရှေ့)တောင်ငူခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေ၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဝင်း၊ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်း၊ မွန်ပြည်နယ် သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညီညီခိုင်နှင့် ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထွန်းဝင်းတို့က ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်း ဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)

တနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းအောင် ဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးညွန့်ရွှေက လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စည်းရုံးရေးကဏ္ဍ

ယင်းနောက် အစည်းအဝေးကို နံနက် ၈နာရီ၄၅မိနစ်တွင် ပြန်လည်ကျင်းပရာ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည့် စုဖွဲ့မှုများကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို တင်ပြကြရာ ရှေးဦးစွာ ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုးကစည်းရုံးရေးကဏ္ဍနှင့် စပ်လျဉ်း၍ တင်ပြရာ၌ အသင်းကြီး စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ၁၅ ရက်နေ့မှ ယခုကာလအထိ သက်တမ်း (၁၀)နှစ်ကျော်လွန်သွားခဲ့ပြီး ဖြစ်ကြောင်း။

အစီရင်ခံစာအရ တင်ပြရမည်ဆိုလျှင် ကချင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် တိုးချဲ့ဖွဲ့စည်းနိုင်သည်ကို တွေ့ရှိရကြောင်း၊ ဒေသခံနယ်မြေများ ပိုမိုတည်ငြိမ်အေးချမ်းလာသည်ကို ဖော်ညွှန်းခြင်းနှင့်အတူ စည်းရုံးမှုစွမ်းရည်မြင့်မားလာသည်ကို ကြိုဆိုထောက်ခံကြောင်း။

အသင်းကြီး၏ဗဟိုနာယကအဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်များ ကိုယ်တိုင် အောက်ခြေအဆင့်အထိ စည်းရုံးရေးဆင်းခဲ့သည်မှာ ၂၀၀၂ ခုနှစ် ဇူလိုင်လမှ ၂၀၀၃ ခုနှစ် စက်တင်ဘာလအတွင်း စုစုပေါင်း ၁၂၈၃ ကြိမ် ကွင်းဆင်းခဲ့သည့်အတွက် ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်များတွင်ရှိနေကြသော အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ အသင်းဝင်များအား တွေ့ဆုံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ငါးရပ်အကောင်အထည်ဖော်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို အောက်ခြေအဆင့်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိလိုက်ရသည့်အတွက် အသင်းကြီးအပေါ် မွန်မြတ် မှန်ကန်သည့် လုပ်ငန်းများဖြင့် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်းကို သက်သေပြနေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အသင်း၏ကိုယ်စား အထူးဝမ်းမြောက်ဂုဏ်ယူပြီး ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ပိုပြီးထူးခြားသည်မှာ အသင်းကြီး၏လေးနက်သည့်လုပ်ဆောင်မှုတစ်ခုဖြစ်သည့် "နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်သော နိုင်ငံတော် ဝန်ကြီးချုပ်၏မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီး"များကို ပြည်နယ်နှင့် တိုင်းအသီးသီး၌ ၂၀-၉-၂၀၀၃ ရက်နေ့မှ ၁၉-၁၀-၂၀၀၃ ရက်နေ့အထိ နေရာပေါင်း ၁၇ နေရာ၌ အသင်းကြီးက ဦးဆောင်ကြီးမှူးကျင်းပနိုင်ခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်က ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်သော နိုင်ငံတော် ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးပွဲကြီးများ၏ရလဒ်ကောင်းသည် လွန်ခဲ့သည့် ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ ဆွေးနွေးဘက်နိုင်ငံများဖြစ်သည့် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့က မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို ကြိုဆိုထောက်ခံခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်နှင့် ပတ်သက်၍ အရေးရှိလျှင်ရှိသလို၊ သင့်လျှင်သင့်သလို အသင်းကြီးက ကြီးမှူးပြီး လူထုအစည်းအဝေးပွဲကြီးများ ကျင်းပသင့်ကြောင်းကို အကြံပြု တင်ပြလိုကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ပဲခူးတိုင်း(အနောက်)ပြည်မြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စီမံရေးရာကဏ္ဍ

ဆက်လက်၍ တနင်္သာရီတိုင်း ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စုစုလွင်က စီမံရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ၌ အသင်းဝင်များ ဗဟုသုတရရှိစေရေးအတွက် စာအုပ်စာတမ်းများ ဖြန့်ဝေပေးခြင်း၊ အခြေခံပညာအထက်တန်းကျောင်းများအတွက် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူရရှိစေရန် သင်ရိုးကုန်ပို့ချချက်(ဘာသာစုံ)စီဒီခွေများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေရောင်းချခြင်း၊ ပြည်နယ်နှင့်တိုင်းများရှိ အခြေခံပညာ မူလတန်းကျောင်းများရှိ ပရိဘောဂများ ပြင်ဆင်ရာတွင် သုံးစွဲရန်အတွက် သစ်ခွဲသားများ ဖြန့်ဝေပေးခြင်းစသည့် ပံ့ပိုးပေးမှုများသည် အောက်ခြေအဆင့် စည်းရုံးရေးကို များစွာအထောက်အကူဖြစ်စေကြောင်း၊နောင်ကိုလည်းထိုကဲ့သို့ ပံ့ပိုးမှုမျိုး ဆက်လက်ဆောင်ရွက်ပေးရန် အကြံပြုတင်ပြအပ်ကြောင်း။

ပြည်ပနိုင်ငံများမှ ချစ်ကြည်ရေးအဖွဲ့များ လာရောက်ကြရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှသုံးကြိမ်၊ ဂျပန်နိုင်ငံမှ လေးကြိမ်နှင့် ကျူးဘားနိုင်ငံမှတစ်ကြိမ် ချစ်ကြည်ရေးခရီးလာရောက် လည်ပတ်ခဲ့သည်ကို

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မွန်ပြည်နယ် သထုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညီညီခိုင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးညွန့်ဝင်းဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ယင်းမာပင် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ချိုချို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့)တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ဒုတိယနေ့တွင် ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာ စည်းရုံးရေးကဏ္ဍနှင့်စပ်လျဉ်း၍ အတွင်းရေးမှူးဦးသောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ဒုတိယနေ့တွင် ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲ များမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာ လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး ဦးတင်ထွတ်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

တွေ့ရကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားမိတ်ဆွေနိုင်ငံများကိုလည်း ချစ်ကြည်ရေးခရီး လာရောက်ရန် တိုးချဲ့ဖိတ်ခေါ်ဆောင်ရွက်သင့်ကြောင်းကို အကြံပြုတင်ပြလိုကြောင်း။

ပြည်ပနိုင်ငံများမှ ချစ်ကြည်ရေးခရီးလာရောက်ရသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပနိုင်ငံများကို အသင်းဝင်လူငယ်များ ပြည်တွင်းအတွေ့အကြုံဗဟုသုတအကြားအမြင်များသာမက ပြည်ပ အတွေ့အကြုံဗဟုသုတအကြားအမြင်များ ရရှိစေရန် ပြည်ပလူငယ်အဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လေးကြိမ်၊ ဂျပန်နိုင်ငံသို့ခြောက်ကြိမ်၊ ဂျပန်နှင့် အာဆီယံနိုင်ငံများသို့နှစ်ကြိမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနှင့်တရုတ် ငါးနိုင်ငံပူးပေါင်းပြီး တစ်ကြိမ် စေလွှတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ စေလွှတ်ရာတွင် အထူးသဖြင့် အာဆီယံနိုင်ငံများနှင့် အခြားမိတ်ဆွေ နိုင်ငံများကိုလည်းတိုးချဲ့စေလွှတ်ပေးသင့်ကြောင်းကို အကြံပြုတင်ပြလိုကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၂)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်မိန့်ကြားခဲ့သည့် **"အမိမြန်မာနိုင်ငံရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ကာကွယ်ကြဖို့၊ ရင်ဆိုင်တွေ့ကြုံရတဲ့အခက်အခဲမှန်သမျှကို ဖယ်ရှားကျော်လွှားနိုင်မည့် စွမ်းအား၊ လုံ့လဝီရိယ၊ ဖွဲ့သတ္တိများနှင့် ပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားဖို့၊ ဖွံ့ဖြိုးရေးဒေသကြီးများမှာ ချမှတ်ထားတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လှုပ်ရှားဆောင်ရွက်ဖို့၊ ချမှတ်ထားတဲ့ စီးပွားရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ဖို့၊ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်မှာ အသင်းကြီးက ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ဆိုတဲ့လုပ်ငန်းလမ်းညွှန်မှုများကို စွဲစွဲမြဲမြဲမှတ်သားပြီး မိမိတို့ဒေသအတွင်း ပြည်သူများ၊ မဟာမိတ်လူမှုရေးအဖွဲ့အစည်းများနှင့် ဒိုးတူပေါင်ဖက် ဥမကွဲသိုက်မပျက် ပူးပေါင်းစည်းရုံးကာ ရှေ့လုပ်ငန်းစဉ်များကို မဆုတ်မနစ် ဖွဲ့၊ လုံ့လနှင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း"**ဖြင့် ဆွေးနွေးတင်ပြသွားသည်။

စီးပွားရေးကဏ္ဍ

ထို့နောက် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးဝင်းသိန်းက စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြရာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) သို့ တင်သွင်းသည့် စီးပွားရေးကဏ္ဍ တင်ပြချက်များသည် အသင်းကြီး၏ ကဏ္ဍငါးရပ်ဖြစ်သော စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုပညာရေးကိစ္စရပ်များအပြင် အသင်းကြီးက ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အသင်းကြီး၏ ငွေရေးကြေးရေးဆိုင်ရာ အခြေခံမှုဖြစ်သည့် "ကိုယ့်အားကိုယ်ကိုး ကိုယ့်ဝန် ကိုယ်ထမ်းခြင်းသည် သန့်ရှင်းမွန်မြတ်ပြီး ရေရှည်တည်တံ့ခိုင်မြဲပါသည်။ ထို့ကြောင့် ဤအသင်း၏ရန်ပုံငွေကို အသင်းသားတို့၏ စုပေါင်းလုပ်အားဖြင့် ရှာဖွေသုံးစွဲမည်" ဆိုသည့် ပြဋ္ဌာန်းချက်ကို မဏ္ဍိုင်ပြုထားခြင်း တွေ့ရှိရကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် စည်းရုံးရေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် အခြေခံ လိုအပ်ချက်ဖြစ်သည့် ရန်ပုံငွေများဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် အသင်းကြီး၏ ငွေရေးကြေးရေးဆိုင်ရာအခြေခံမှု ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဓာတ်မြေဩဇာဖြန့်ဖြူးရေးလုပ်ငန်းများကို ဗဟိုအလုပ်အမှုဆောင် စီးပွားရေး ဦးဆောင်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုကိုခံယူပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများက အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်၍ အားရကျေနပ်မိကြောင်း၊ လာမည့်နှစ်များတွင်လည်း ယခုထက် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်သင့်ကြောင်းကို တင်ပြလိုကြောင်း၊ ထို့အပြင် နယ်စပ်ဒေသစိုက်ပျိုးရေးလုပ်ငန်းများ၌ အသင်းကြီးအနေဖြင့် သီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများ ပံ့ပိုးပေးနိုင်ပါက စည်းရုံးရေးအခြေအနေ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်းကို တင်ပြလိုကြောင်း။

အထူးတင်ပြလိုသည်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က ဆောင်ရွက်နေသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရန် ဗဟိုဌာနချုပ်မှ ပြည်နယ်နှင့်တိုင်းအသင်းများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းပေါင်း ၃၀၄၀ကို ပံ့ပိုးထောက်ပံ့ခဲ့သည့်အတွက် အသင်းအဆင့်ဆင့်အနေဖြင့် ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ကိုယ်စားလှယ်များ၏ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ဆက်လက် ပံ့ပိုးပေးခြင်းဖြင့် နိုင်ငံတော်ကဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို များစွာအထောက်အကူဖြစ်စေကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း)ညောင်ရွှေမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးညွန့်ရွှေက လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ၌ အထူးသဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ပိုမိုဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့မြင်ရသည့်အတွက် နှစ်ထောင်းအားရဖြစ်မိကြောင်း၊ ယင်းသင်တန်းများကို ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း(အရှေ့)နှင့် ရန်ကုန်တိုင်းတို့တွင်ဖွင့်လှစ်နိုင်ခဲ့သည်ကို သတိပြုလေ့လာတွေ့ရှိရကြောင်း၊ အချို့ပြည်နယ်နှင့်တိုင်းများတွင်လည်း ဖွင့်လှစ်နိုင်မှု နေရာအနေအထား ကိန်းဂဏန်းအရ နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်တန်းများပို့ချနိုင်ခဲ့သည်ကို ဗဟိုဌာနချုပ်၏ အစီရင်ခံစာ၌ တွေ့ရှိရသည့်အတွက် များစွာအားရကျေနပ်မိကြောင်း၊ ထို့အပြင် ပြည်ထောင်စု စိတ်ဓာတ် ပြန့်ပွားရေးနှင့် တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံကို သိရှိမြတ်နိုးလာကြစေရန် တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှု သင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သင့်ပါကြောင်း။

လူထုလူတန်းစားအလွှာများ အဖွဲ့ခွဲ၏ဆောင်ရွက်ချက်များတွင် လူငယ်များ၏အသိပညာ၊ အတတ်ပညာ အရည်အချင်းပြည့်မီစေရေးအတွက် လူငယ်များအမှန်တကယ် အကျိုးရှိစေမည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ခြင်းသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

လူထုလူတန်းစားအဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များထဲတွင် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် အခြားသင်တန်းမျိုးစုံဖွင့်လှစ်သင်ကြားပေးသည်ကို တွေ့ရှိရကြောင်း၊ ဘာသာရပ်ခြားစကားကျွမ်းကျင်မှုနှင့် ကွန်ပျူတာအသုံးချမှုတွင်ကျယ်စေရေးသည် လက်ရှိခေတ်အခြေအနေ၏ လိုအပ်ချက်တစ်ရပ်ဖြစ်လာပြီဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဘက်ပေါင်းစုံမှ တိုးတက်လာနေသည့် နည်းပညာခေတ်ကြီးထဲ၌ ကွန်ပျူတာနှင့် ဘာသာစကားကျွမ်းကျင်မှုသည် မတတ်လျှင်မဖြစ်သည့် ပညာတစ်ရပ်၊ အသုံးမချလျှင် မဖြစ်သည့်ပညာတစ်ရပ်ဖြစ်သည်ကို အသင်းဝင်များအားလုံးက သဘောပေါက်ခံယူရန်လိုကြောင်း၊ သို့မှသာ စွမ်းရည်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များကို မိမိတို့ အသင်းကြီးက အောင်အောင်မြင်မြင် မွေးထုတ်နိုင်မှာဖြစ်သည့် ထောင်စုနှစ်၏ စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှား နိုင်မည်ဖြစ်ရုံမျှမက အခြားဖွံ့ဖြိုးတိုးတက်လာနေသည့် နိုင်ငံများနှင့်လည်း ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည် ဖြစ်ကြောင်း။

အားကစား၊ စာပေနှင့် အနုပညာ အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်တာများတွင် အားကစားနှင့်ပတ်သက်ပြီးအားကစားသင်တန်းမျိုးစုံကို စနစ်တကျဖွင့်လှစ်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဖလားဘောလုံးပြိုင်ပွဲများ၊ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲများ အဆင့်ထိ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာဘောလုံးလောက ပြန်လည်တစ်ခေတ်ဆန်းစေမည့် အခြေခံကောင်းများဖြစ်ခြင်းကြောင့် အားတက်မိပါကြောင်း။

စာပေနှင့် ပတ်သက်ပြီး စာကြည့်တိုက်များ ပိုမိုဖွင့်လှစ်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရန် အီလက်ထရွန်နစ်စာကြည့်တိုက်(e-Library) ပိုမိုဖွင့်လှစ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်းကို အကြံပြုတင်ပြလိုကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ပညာရေးကဏ္ဍ

ထို့နောက် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်လှိုင်မြင့်က ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ၌ ပညာရေးရာအဖွဲ့မှ ဖြန့်ချိသည့် စာအုပ်စာပေများတွင် မူဝါဒလမ်းစဉ်များကို အသင်းဝင်များနှင့် ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန် ထည့်သွင်း ဖော်ပြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို တိုက်တွန်းအားပေးသည့် စာမူများကိုလည်း ပိုမိုပါဝင်စေသင့်ကြောင်း၊ ထို့အတူ **"ရာသက်ပန်ပြည်ထောင်စု"**သီချင်းကဲ့သို့ အမျိုးသားရေး အားပေးသည့် သီချင်း စီဒီများ၊ ကက်ဆက်ခွေများကိုလည်း ထုတ်ဝေဖြန့်ချိသင့်ကြောင်း၊ တစ်ဆက်တည်းမှာပင်စာပေဟောပြောပွဲများ၊စာတမ်းဖတ်ပွဲများ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကဗျာ ပြိုင်ပွဲများကို အသင်း အဆင့်ဆင့်က တိုးတက်ဆောင်ရွက်သွားနိုင်သည့်အတွက် လမ်းညွှန်ပေးသင့်ကြောင်းကို အကြံပြုလိုကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃) ဒုတိယနေ့တွင် ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာ ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ဦးတင်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ဒုတိယနေ့တွင် ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည် ရှင်းလင်းတင်ပြရာ စီးပွားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ဒုတိယနေ့တွင် ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲ များမှ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာ စီမံရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင် ဦးသန်းရွှေက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်တင်ပြလိုသည်မှာ ပညာရေးအဖွဲ့မှ ဖြန့်ချိသောစာအုပ်၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများမှ ကောင်းနိုးရာရာများကို တိုင်းရင်းသား စာပေအသီးသီးသို့ ဘာသာပြန်ဆိုပြီး ဖြန့်ဝေသွားရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်လျှင်နယ်စပ်ဒေသတိုင်းရင်းသားများအတွက်ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကိုအထူးအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃)ဒုတိယနေ့တွင် အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း (အနောက်)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်မေစန္ဒာထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမေသဲစုညီမ်းတို့က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပခဲ့သည့် နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော် ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ၊ ပြည်နယ်၊ တိုင်းလူထုအစည်းအဝေး မှတ်တမ်း (၂၀၀၃)ခုနှစ်ကို ရိုက်နှိပ် ဖြန့်ဝေပြီးကြောင်းနှင့် ပုဂံ၌ကျင်းပခဲ့သည့် လူထုအစည်းအဝေး မှတ်တမ်းကိုလည်းပြုစုနေကြောင်းသိရ၍ လိုက်လှဲစွာ ကြိုဆိုဂုဏ်ယူပါကြောင်း၊ ဤမှတ်တမ်းစာအုပ်များသည် မြန်မာနိုင်ငံ၏ အမျိုးသား နိုင်ငံရေးပြောင်းလဲမှု ဖြစ်စဉ်တွင် အမြဲတမ်းခိုင်မာစွာ စိုက်ထူအပ်သည့် သမိုင်းမှတ်တိုင်ကြီးများ ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ သမိုင်းဝင် လှုပ်ရှားမှုကြီးအဖြစ်လည်း မော်ကွန်းတင်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ပုံဖော်တည်ဆောက်နိုင်ရေးအတွက် ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ရှင်းလင်းတင်ပြခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြီးမားသည့် အမြော်အမြင်နှင့် ချမှတ်ခဲ့သည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် ပြည်ထောင်စုကြီးနှင့် ပြည်ထောင်စုသားအားလုံးအတွက် ရေရှည်အာမခံပြီး အလွန်ထူးခြားလေးနက် အရေးပါလွန်းသည့်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အောင်မြင်ရေးအတွက် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ပြည်သူလူထုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်လာနိုင်အောင်လည်း ပြည်နယ်နှင့်တိုင်း (၁၇)နေရာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဦးဆောင်ပြီး လူထုအစည်းအဝေးပွဲကြီးများ ကျင်းပပြီး တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း။

ထိုကဲ့သို့ လူထုအစည်းအဝေး ထောက်ခံပွဲကြီးများ အပြီးတွင်လည်း ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်သူလူထုအားလုံး၏ ဆန္ဒနှင့် ဆုံးဖြတ်ချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စုစည်းပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး သန္နိဋ္ဌာန်ချမှတ်နိုင်ရန် အောက်တိုဘာလ ၂၂ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ လူထုအစည်းအဝေးပွဲကြီး ကျင်းပခဲ့ကြောင်း၊ ယင်းလူထုအစည်းအဝေးပွဲကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးက ပြည်သူလူထုကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တစ်ခဲနက် တက်ရောက်ခဲ့ကြကြောင်း၊ အဆိုပါ လူထုအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်များ ချမှတ်ပြီး ပုဂံလူထု အစည်းအဝေးကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဤမူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ပြန်လည်ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပရာ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာတွင် ရှေးဦးစွာ စည်းရုံးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းကလည်းကောင်း၊ စီမံရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းရွှေကလည်းကောင်း၊စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာက လည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်ထွတ်ကလည်းကောင်း၊ ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးတင်လှိုင်ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး ဒုတိယနေ့ အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထန်းပိုင် ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ရောဝတီတိုင်း သာပေါင်းမြို့နယ်မှပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးဝင်းသိန်းက စီးပွားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ပဲခူးတိုင်း (အနောက်) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးဇော်လွင်ဦး ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

မူဝါဒလမ်းစဉ်ခုနစ်ရပ်

ထို့နောက် ပဲခူးတိုင်း(အနောက်) ပြည်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ၌ ယနေ့နိုင်ငံတော်အစိုးရ လက်ထက်တွင်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာစေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိကြောင်း၊ ထိုကဲ့သို့ နေ့မအား ညမနား စွမ်းဆောင် အကောင်အထည်ဖော်ကြိုးပမ်းရာတွင် အမျိုးသားရေး မူဝါဒအဖြစ် ဒို့တာဝန်အရေးသုံးပါး၊နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဦးတည်ချက် (၁၂)ရပ်၊ပြည်သူ့သဘောထားလေးရပ်၊ ပြည်သူတို့၏ သန္နိဋ္ဌာန် ခြောက်ရပ်နှင့်အညီ ကဏ္ဍအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို မျက်ဝါးထင်ထင် ခံစားမြင်တွေ့နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရလာသည်နှင့်အမျှ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း အဆင့်ဆင့်ဆောင်ရွက်နိုင်ခဲ့၍ ယခုဆိုလျှင် တိုင်းရင်းသားအဖွဲ့အစည်း (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ရရှိထားပြီးဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများအပေါ်အခြေခံပြီး ပြည်သူလူထု၏သဘောဆန္ဒနှင့်အညီ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုးက စည်းရုံးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်း ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်စုစုလွင်က စီမံရေး ကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်လှိုင်မြင့်က ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ရေချို၊ ရေငန် ပုစွန်သားပေါက်များ ဈေးနှုန်းချိုသာစွာရောင်းချလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၃

နိုင်ငံတော်အစိုးရက ရေချို၊ ရေငန် ပုစွန်မွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းရှင်များသည် ရေချို၊ ရေငန် ပုစွန်မွေးမြူခြင်း၊ သားဖောက်၍ ရောင်းဝယ်ခြင်းလုပ်ငန်းများကို မြန်မာပြည်အနှံ့ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသည်။

Capricon Co., Ltd. စုပါဝီ ရေချို၊ရေငန် ပုစွန်သားဖောက်လုပ်ငန်းကလည်း ကြံ့ခိုင်မှုရာခိုင်နှုန်းပြည့်ဝပြီး PCR စစ်ဆေးခြင်း ပြုလုပ်ပြီးမှ အာမခံချက်အပြည့်အဝဖြင့် ရေချိုပုစွန်၊ ရေငန်သားပေါက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိသည်။ ဝယ်ယူလိုသူများအနေဖြင့် တစ်လကြိုတင်မှာကြားနိုင်သည်။

အထက်ပါ ကုမ္ပဏီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့သည် ၂၀၀၃ ခုနှစ်က ကျောက်တန်းမြို့နယ် အောင်ချမ်းသာ ရေငန်ပုစွန်မွေးမြူရေးစခန်း၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာ အောင်မြင်ခဲ့ကြောင်း သိရသည်။ ရေငန်ပုစွန်မွေးမြူရေးနည်းပညာအကြံပေး ဆောင်ရွက်ခြင်းများလည်း လုပ်ကိုင်ပေးသည်။လုပ်ငန်းနှင့်ပတ်သက်၍ ဆက်သွယ်လိုပါက ရန်ကုန်ရုံးချုပ် အမှတ်(၁၆၁) ၃၄လမ်း ဖုန်း-၀၁-၂၅၂၆၀၄၊ ၀၉၅၀-၁၁၇၀၂၊ ရုံးခွဲ အမှတ်(၄၄၃)၊ ကျိုက္ကဆံလမ်း ဖုန်း-၀၁-၅၄၁၆၈၈ နှင့် ပုသိမ်မြို့ ချောင်းသာကမ်းခြေ မကျီးလမ်းခွဲထိပ် သားဖောက်စခန်း ဖုန်း-၀၄၂-၂၄၈၈၀၊ ၂၄၈၈၁၊ ၂၄၈၈၂၊ ၂၄၈၈၃၊ (Ext. ၃၆၃)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

✻ စာမျက်နှာ ၃ မှ

မောင်ဝိတ်-အင်ဖင်မလီကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဇော်နိုင် (Golden January Development Co.,Ltd.)က ငွေကျပ် ၁၀ သိန်း၊ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဒဏ်ကြေလိမ်းဆေးများ၊ ဦးအောင်နိုင်(Asia Winner Industrial Co.,Ltd.)က ငွေကျပ်ငါးသိန်း၊ ရဲမွန်ဆောက်လုပ်ရေးမှ ဒါရိုက်တာများဖြစ်ကြသော ဦးအောင်ကျော်ဆန်းနှင့် ဦးဇော်မင်းတို့က ငွေကျပ်ငါးသိန်း၊ Fortune International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမြဟန်က ငွေကျပ်ငါးသိန်း၊ Shine ဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးစံထွန်းက ငွေကျပ်သုံးသိန်း၊ သူရိယဆောက်လုပ်ရေးမှ ဒါရိုက်တာဦးကျော်သက်လှိုင်နှင့် ဒေါက်တာစိုးမင်းအောင်တို့က ငွေကျပ်သုံးသိန်း၊Trade Park Co.,Ltd.မှ ဦးအဏ္ဏဝါက ငွေကျပ်နှစ်သိန်းနှင့် ဦးသက်ဦး (ရောမြေ ကုန်ထုတ်လုပ်မှုကုမ္ပဏီ)က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အတွက် အလှူရှင်များ၏ လှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၃၉၄၃၀၀၀၊ အမေရိကန်ဒေါ်လာ ၁၃၀၀၀ နှင့် ပစ္စည်းတန်ဖိုး ၁၁၇၅၀၀၀၀ဖြစ်ကြောင်းသိရသည်။

အထောက်အကူပြုပစ္စည်းကြည့်ရှု

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် အားကစားအလှူရှင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး ပြိုင်ပွဲဝင် အားကစားဝတ်စုံများ ဝတ်ဆင်သရုပ်ပြခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယှဉ်ပြိုင်မည်

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် (၂၁) ဖွဲ့က ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ မြားပစ်၊ ဘိလိယက်နှင့်စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ စစ်တုရင်၊ ကျွမ်းဘား၊ ကရာတေးဒို၊ လှေလှော်(အနောက်တိုင်းလှေ၊ရိုးရာလှေ၊ကနူးနှင့်ကယက်)၊ ပိုက်ကျော်ခြင်း၊ ရေးကူး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ဂျူဒို၊ အလေးမနှင့်ဝူရှူး အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၀၃ ခုနှစ် (၄၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု (ရတခ)ဇုန် မော်လမြိုင်မြို့၌ကျင်းပသောပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းတို့ တစ်ဂိုးစီသရေကျပြီး၊ (ခ)အုပ်စု (နတခ)ဇုန် ပုသိမ်မြို့၌ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု (နမခ)ဇုန် မုံရွာမြို့၌ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

(ဃ)အုပ်စု (လပခ)ဇုန် မန္တလေးမြို့၌ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းနှင့် အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ တစ်ဂိုးစီသရေကျကာ၊ (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါဝါနိုင်ငံတကာ သတင်းစုံဂျာနယ်

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသော အမှတ်(၁၄၀) ပါဝါနိုင်ငံတကာ သတင်းစုံဂျာနယ် မျက်နှာဖုံး။
(က-ပ)

ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့
❖ ခြောက်တိုင်းလည်း မကြောက်နဲ့
❖ ချော့တိုင်းလည်း မပျော့နဲ့

တိုးတက်ဝင့်ထည်လျက်ရှိသည့် အဆင့်မြင့်ရန်ကုန်မြို့တော်

အဆင့်မြင့်မား နေ သည့် ရန်ကုန်မြို့တော်၏ အထပ်မြင့် အဆောက်အအုံများနှင့်ဆူးလေ ခုံးကျော်တံတား ကြီး အလှ က လိုက်ဖက် တင့်တယ်လှသည်။

ဓာတ်ပုံ- ထွေးကြည် (မြန်မာ့အလင်း)

အထပ်မြင့်အဆောက်အအုံများဖြင့် ခမ်းနားထည်ဝါနေသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းတစ်နေရာ။

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်စေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးအနက်ထား လမ်းညွှန်ထားသည်။ ယင်းလမ်းညွှန်ချက်နှင့်အညီ မြို့တော်အဆင့်မြှင့်တင်ရေးအစီအစဉ်များကို တာဝန်ရှိသူအားလုံး လုပ်ငန်းအဆင့်အလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် မြို့တော်ကြီးမှာ ယခုအခါ အဆင့်မြင့်အဆောက်အအုံများဖြင့် သန့်ရှင်းသပ်ရပ်လှပနေသည်ကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့နေရသည်။

လှပနေသည့်အဝိုင်းများ

ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ရောဝဏ်အဝိုင်း (ယာပုံ)နှင့် ဒဂုံမြို့နယ်ရှိ ဦးဝိစာရအဝိုင်း (အောက်ပုံ) တို့က လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေသည့်အပြင် မြို့တော်နေပြည်သူများ၏ မျက်စိပသာဒကို ပိုမိုလှပစေပါသည်။

ရန်ကုန်မြို့တော်အတွင်းရှိ ဗိုလ်တထောင်မြို့နယ်နှင့် သာကေတမြို့နယ် ဖြတ်ကျော်တည်ဆောက်ထားသော ပုဇွန်တောင်ချောင်းကူး မဟာဗန္ဓုလတံတားကြီးက မြို့တော်၏အလှကို ပိုမိုလိုက်ဖက်တင့်တယ်စေသည်။

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

ရုပ်ဝတ္ထုတိုးတက်အောင်ဆောင်ရွက်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများဖြစ်ထွန်းလာပြီး လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်သည်။

မြန်မာ့အလင်း

e-ASEANWorkingGroup(EAWG) စည်းဝေး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များတက်ရောက်ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၃

(၁၅)ကြိမ်မြောက် e-ASEAN Working Group(EAWG)အစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ MICT Park အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ၃၄ဦး တက်ရောက်ဆွေးနွေးသည်။ အစည်းအဝေးဖွင့်ပွဲ အစီအစဉ်အရ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများ၏ e-Commerceလုပ်ငန်းများဖွံ့ဖြိုးရေး၊ ဆက်သွယ်ရေးနှင့် ICTနှင့် သက်ဆိုင်သော ကုန်ပစ္စည်းများ လွတ်လပ်စွာ တင်ပို့/တင်သွင်းရောင်းဝယ်နိုင်ရေး၊ ဆက်သွယ်ရေးနှင့် ICTလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရေး စသည်တို့ကို အထူးပြုဆွေးနွေးကြပြီး အစည်းအဝေးကို ညနေ ၄နာရီတွင် ရပ်နားသည်။

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသော (၁၅) ကြိမ်မြောက် e-ASEAN Working Group (EAWG)အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို နိုဝင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့ MICT Park အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် EAWG ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Pichet Durongbaveroj က အစည်းအဝေးသဘာပတိ အဖြစ် ဆောင်ရွက်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြသောသဘောတူညီချက်များကို အတည်ပြုနိုင်ရေးအတွက် ဆက်လက် ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် (၁၅) ကြိမ်မြောက် e-ASEAN Working Group (EAWG)၏ အစီရင်ခံစာကို အတည်ပြုပြီး မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေးပြီးဆုံးသည်။

ထို့နောက်ညပိုင်းတွင်အစည်းအဝေးတက်ရောက်လာသည့်အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ဧရာဝတီမြစ်အတွင်း သင်္ဘောပေါ်၌ ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီတဂူဓမ္မသဘင် တရားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဗဟုဇနဟိတရေ သပိတ်အိုင်တောရသဲကုန်းဆရာတော် အရှင် ဒေါက်တာ ဉာဏိဿရ (D.Litt) သည် နတ်တော် လဆန်း ၁၁ရက်၊ ဒီဇင်ဘာ ၄ရက် ည ၇နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၀(က) ရပ်ကွက် လှော်ကားလမ်း ဦးနိုင်ဦး (မိဘရိပ်)-ဒေါ်အေးသိန်း မိဘရိပ်သစ်စက် အလှူမဏ္ဍာလာမဏ္ဍပ်၌ သီတဂူ ဓမ္မသဘင်အထူးတရားပွဲချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

* (၂၂)ကြိမ်မြောက်မှ

ဦးထွန်းနိုင်ဦးက ဖြေကြားရာတွင် "မြန်မာစားပွဲတင်တင်းနစ် လက်ရွေးစင်များကို ၂၀၀၁ခုနှစ် အောက်တိုဘာလမှစတင်၍ တရုတ်နည်းပြဆရာဖြင့် လေ့ကျင့်ပေးခဲ့ကြောင်း၊ ပဏာမလက်ရွေးစင်၁၆ဦးကို ရွေးချယ်လေ့ကျင့်ပေးခဲ့ရာမှ ၂၀၀၂ခုနှစ် ဇူလိုင်လ၌ လူရွေးပွဲကျင်းပကာ အားကစားသမားအမျိုးသားငါးဦးနှင့် အမျိုးသမီးငါးဦးကိုအပြီးသတ်ရွေးချယ်ခဲ့ကြောင်း၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် အာဆီယံ (၁၀) နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်မည်ဟု သိရကြောင်း၊ ဒီဇင်ဘာ ၄ရက် အသင်းအုပ်ချုပ်သူများ အစည်းအဝေးတွင် အုပ်စု နှစ်စုခွဲမည်ဖြစ်ကြောင်း၊ အုပ်စုအခြေအနေအပေါ်မူတည်၍အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်အားကစားသမားတစ်ဦး ရွှေတံဆိပ်ရရှိရေးယှဉ်ပြိုင်သွားနိုင်မည်ဖြစ်ကြောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများဖြစ်သည့် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲနှင့် အမျိုးသားနှင့် အမျိုးသမီးနှစ်ယောက်တွဲ ပွဲများတွင် ဆုတံဆိပ်ရရှိရေး အားထားနိုင်ကြောင်း၊ နှစ်ယောက်တွဲယှဉ်ပြိုင်ရ ခြင်းဖြစ်၍ ပြိုင်ပွဲအနေအထားအရ တစ်ဦးချင်းကောင်းရုံနှင့်မရဘဲ အတွဲညီမှ သာဖြစ်နိုင်ကြောင်း၊ မြန်မာစားပွဲတင် တင်းနစ်အားကစားအဖွဲ့ဝင်များ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ထွက်ခွာမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာစားပွဲတင် တင်းနစ် အားကစားအဖွဲ့တွင် အုပ်ချုပ်၊ နည်းပြငါးဦးနှင့် အားကစားသမား အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၅ဦးပါဝင်ကြမည်ဖြစ်သည်။အမျိုးသားအသင်းအုပ်ချုပ်သူအဖြစ် ဦးကျော်ကျော်၊ အမျိုးသမီးအသင်းအုပ်ချုပ်သူအဖြစ် ဦးထွန်းနိုင်ဦး(မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း)၊ အမျိုးသားအသင်းနည်းပြအဖြစ် ဦးရဲကျော်၊ အမျိုးသမီးအသင်း နည်းပြအဖြစ် ဦးသန်းတင်၊ တရုတ်နည်းပြမစ္စတာဟူကျင်ချောင်းတို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် အမျိုးသားငါးဦးမှာ အောင်ထွဋ်(ပို့ဆောင်ရေး)၊ နေလင်း (သစ်တောရေးရာ)၊ ဆုသူရသိန်း(သစ်တောရေးရာ)၊ ကျော်မြင့်နှင့် ကြည်သန်း၊ အမျိုးသမီးငါးဦးမှာ တင်တင်သန်း(ပြည်ထဲရေး)၊ သွယ်သွယ်ယု(ရထားပို့ဆောင်ရေး)၊ စိုးမြတ်မြတ်အေး(ရထားပို့ဆောင်ရေး)၊ လှိုင်စုယဉ်နှင့် အိအိမျိုးတို့ ပါဝင်ကြသည်။

အမျိုးသမီးဘောလုံးအသင်း

ဆက်လက်၍ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း နည်းပြဦးအေးမောင်လေးအား မြန်မာ့အလင်းက တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။ နည်းပြဆရာ ဦးအေးမောင်လေးက ပြောကြားရာတွင် "မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကို (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးကတည်းက တစ်လခန့်သာနားပြီး ဆက်တိုက်ဆိုသလို လေ့ကျင့်ခဲ့ကြောင်း၊ ပဏာမလက်ရွေးစင် ၂၆ ဦးတို့ကို ရွေးချယ်လေ့ကျင့်ပြီး အတွေ့အကြုံ ရရှိရေးအတွက် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများအနေဖြင့် အသက် (၁၉)နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ၊ ဗီယက်နမ်အမျိုးသမီးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ် ဩဂုတ်လ၌ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲတို့ဖြစ်ကြောင်း၊ လေ့ကျင့်မှုနှင့်ပတ်သက်၍ ယခင်ကကျင့်သုံးခဲ့သည့် ၃-၅-၂ ပုံစံကိုပင် အသားကျအောင်လေ့ကျင့်ပေးကြောင်း၊ ကြံ့ခိုင်မှု၊ စိတ်ဓာတ်နှင့် အသင်းလိုက်ညီညွတ်မှုကို အဓိကထားလေ့ကျင့်ပေးခဲ့ကြောင်း၊ မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေနှင့် အုပ်စုပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ထိုင်း၊ ဒီဇင်ဘာ ၄ရက်တွင် စင်ကာပူတို့နှင့်ယှဉ် ပြိုင်ကစားရမည်ဖြစ်ကြောင်း၊ ထိုင်းကိုနိုင်လိုက်ပြီဆိုပါက ဗိုလ်လုပွဲတက်နိုင်မည်ဖြစ်ကြောင်း၊ (၂၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အကြောင်းကြောင်းကြောင့် ရွှေတံဆိပ်နှင့် လွဲခဲ့ရသော်လည်း ယခုအကြိမ်တွင် ရွှေတံဆိပ်မျှော်မှန်းကာ ပွဲတိုင်း၌အကောင်းဆုံးကစားနိုင်အောင် ပြင်ဆင်ထားကြောင်း၊လူဟောင်းအများစု အခြေခံထားပြီး လူသစ် ငါးဦးသာ ပါဝင်ကြောင်း၊ ဂိုးသမားသုံးဦး ခေါ်သွားရခြင်းမှာ ဂိုးသမားသုံးဦးစလုံး အားသာချက်၊ အားနည်းချက်ကိုယ်စီ ရှိနေ၍ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ထံ တင်ပြ၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အာရှဇုန်ခြေစစ်ပွဲတွင် အသင်းကြီးများဖြစ်ကြသည့် ကိုရီးယား၊ တရုတ်တို့ဆိုလျှင်လည်း ဂိုးသမားသုံးဦးခေါ်သည့် အစဉ်အလာရှိကြောင်း၊ ပြိုင်ပွဲအကြိုခြေစမ်း သည့်အနေဖြင့် အသက်(၁၃)နှစ်အောက် လူငယ်အသင်းများနှင့် ကစားခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းတွင် အုပ်ချုပ်သူနှင့်နည်းပြ လေးဦး၊ အားကစားသမား ၂၀ ဦး စုစုပေါင်း ၂၄ ဦး ပါဝင်သည်။ အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာ ပင်ဒိုရာအောင်ကြီး၊ အုပ်ချုပ်သူအဖြစ် ဒေါ်မိမိမော်၊ နည်းပြအဖြစ်ဦးအေးမောင်လေး၊လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ကိုတို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် (ဂိုး) ဝါဝါမိုး၊ မေခင်ယမင်း၊ မြင့်မြင့်သန်း၊ (နောက်တန်း)နွယ်နွယ်တိုး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ မိုးမိုးဝါ၊ နေဇာလင်းလင်းအောင်၊ သန်းသန်းလှိုင်၊ (အလယ်တန်း) ခင်သီတာမြင့်၊ လှလှသန်း၊ သက်သက်ဝင်း၊ အေးနန္ဒာလှိုင်၊ သူဇာထွေး၊ သန်းသန်းထွေး၊ တင်တင်စိုး၊ (ရှေ့တန်း)မိုင်နီလာထွေး၊ ဇင်မာဝမ်း၊ စန်းစန်းကြူနှင့်မာလာဝင်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်တတိယကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗန်းမော်မြို့၌ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်နေ့များတွင် ဗန်းမော်မြို့နယ် အားကစားကွင်း၌ ကျင်းပမည်ဟုသိရသည်။ ပြိုင်ပွဲကို ညနေ ၄ နာရီတွင် ကျင်းပမည် ဖြစ်သည်။

ပထမနေ့တွင် အကောင်းဆုံး ရွှေတံဆိပ်ဆုရ ဒေါ့ဂျစ်(လယ်/ဆည်)နှင့် စောဇော်လွင်(KLN)၊ ရွှေခါးပတ်ချန်ပီယံသန့်ဇင်ထွန်း(မြို့တော်စည်ပင်)နှင့်မောင်ကြူ(တောင်ငူ)၊မဂျစ်(ရန်ကုန်)နှင့် မောင်မောင်လွင်(မဟာဇေကရာဇ်၊ မန်း)၊ ဒုဿ(ဗန်းမော်)နှင့် မင်းမင်း(ရန်ကုန်)၊ ကြယ်နီ(မြစ်ကြီးနား)နှင့် မင်းထွန်းလေး (ရန်ကုန်)၊ ဒေါင်းမင်း(မြစ်ကြီးနား)နှင့် တက်လူ (ရန်ကုန်) တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဒုတိယနေ့တွင် ကချင်ပြည်နယ် လက်ဝှေ့ကျော် ရွှေခါးပတ်ချန်ပီယံ ထိန်ချုံး(မြစ်ကြီးနား)နှင့် ပြည်၊တိုင်းရွှေတံဆိပ်ရလုံးချော(ရန်ကုန်တိုင်း)၊ ရွှေခါးပတ်ပွဲ ငွေတံဆိပ်ရ မြနန္ဒာ(မန္တလေး)နှင့် ခွန်ထွန်းလွင်(လယ်/ဆည်)၊ စောထိုက်စံ(သုရဲကောင်း)နှင့် ပြည်နယ်၊တိုင်းရွှေတံဆိပ်ဆုရ နောင်စု(မြိတ်)၊နေစကြာ(ရန်ကုန်)နှင့် အာကာဟိန်း(မဒေါက်)၊ ဒီလုံး(မြစ်ကြီးနား)နှင့် နေဇော်(ရန်ကုန်)တို့၏ပွဲများ ပါဝင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း+ဒေါ်ခင်ခင်ရီ

တို့၏ သားငယ်

ဗိုလ်ကြီးပြည်အောင် B.Sc (D.S.A)

နှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး+ဒေါ်မြမြစန်း

တို့၏ တစ်ဦးတည်းသော သမီး

မနန္ဒာအေး M.C.Sc

တို့ကို

မိဘတို့၏ မေတ္တာနှင့်ယှဉ်သော ဝတ္တရားများနှင့်အညီ ဂုဏ်သရေရှိ လူကြီးများ၏ ရှေ့မှောက်၌ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါကြောင်းနှင့် ၂၂-၁၁-၂၀၀၃ရက် (စနေနေ့)တွင် ကျင်းပသော မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာ ဘိသိက်ထိမ်းမြားမင်္ဂလာ လက်ထပ်အခမ်းအနားနှင့် ၂၃-၁၁-၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများ

နှင့်

ဗိုလ်ကြီးပြည်အောင်+မနန္ဒာအေး။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၁-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅	၇။	ပိုင်ကျူရေထိန်းတံခါး
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၀	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၅	၃။	Practice in Reading
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၅	၆။	အကပဒေသာ
၁၇:၂၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၃၀	၈။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၇:၄၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၅	၁၀။	မြန်မာ့ရိုးရာတောဓလေ့ကျေးလက်တေးသံများ
၁၈:၁၀	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	Milo Success in Soccer
၁၉:၁၀	၁၅။	ကပ်တဲလ်ကြိုးတံတား
၁၉:၂၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၃၅	၁၇။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၄၅	၁၈။	(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုပြင်ဆင်လေ့ကျင့်မှု (ကာယဗလ)
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာဟူသည်"**(အပိုင်း-၁၂)

မြဝတီရုပ်မြင်သံကြား

၂၄-၁၁-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၄:၅၅	၈။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၅	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ဘောဂဗေဒ) (ခ)တတိယနှစ်(မြန်မာစာ)
၅:၃၅	၁၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၆:၃၅	၁၅။	မိုးလေဝသသတင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၆:၅၀	၁၇။	မြန်မာ့လက်သီး
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းဝှက်ချက်"**(အပိုင်း-၁၇)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းညီနောင်"**(အပိုင်း-၂၇)
	၂၃။	သင့်အတွက်မနက်ဖြန်

တိုက်ဖျက်ရန် ကန်ထရိုက်တာ အလိုရှိသည်

မြို့တွင်း နှစ်ထပ်တိုက်၊ ပေ ၂၀၀ X ပေ ၁၀၀ ဖျက်ရန် ကန်ထရိုက်များ အမြန်ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၀ ၁၈၆၄၃၊ ၀၁-၅၅၇၄၇၇

ရောဂါ ကြိုတင်ကာကွယ်တားဆီး တိုက်ဖျက်ရေး

အလေးပေးဆောင်ရွက်နေသည့် ပြည်ထောင်စုတီဘီရောဂါ ဆိုင်ရာဌာန

ရန်ကုန် နိုဝင်ဘာ ၂၃

အာရောဂျံ ပရမံလာဘံ ဆိုစကားနှင့်အညီ ကျန်းမာခြင်းသည် လာဘ်ကြီး တစ်ပါးဖြစ်သည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သည်။ မိမိအကျိုး၊ မိသားစုအကျိုး၊ ရပ်အကျိုး၊ ရွာအကျိုး၊ နိုင်ငံအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် နေထိုင်တတ်ရမည် ဖြစ်သည်။ ကျန်းမာရေးကို ထိခိုက်စေသော နေမှု၊ ထိုင်မှု၊ စားသောက်မှုတို့ကို ရှောင်ရှားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရကလည်း ပြည်သူများ ကျန်းမာကြံ့ခိုင် သန်စွမ်းစေရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်သည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရာ၌ ရောဂါကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းများကို အဓိက ဦးစားပေး လုပ်ငန်းအနေဖြင့် ဆောင်ရွက်လုပ်ကိုင်ပေးလျက်ရှိသည်။

လူတို့ကို ကူးစက်ပြန့်ပွားနိုင်သော ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ အနာကြီးရောဂါနှင့် ရာသီအလိုက် ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်ကုသနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရောဂါများအနက် တီဘီရောဂါသည် ကမ္ဘာပေါ်တွင် တစ်ကျော့ပြန် ဦးမော့လာသည်ကို တွေ့ရသဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက် မြန်မာနိုင်ငံ၌ ဒုတိယဦးစားပေးရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းအဖြစ် ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ကြောင့်ပြန်လည်ဦးမော့နေသော တီဘီရောဂါအကြောင်း သိကောင်းစရာများကို ပြည်သူများ သိရှိနိုင်ရန်အတွက် မြန်မာ့အလင်း သတင်းအဖွဲ့က တီဘီရောဂါတိုက်ဖျက်ရေး ဆောင်ရွက်နေသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ပြည်ထောင်စု တီဘီရောဂါဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဝင်းမောင်ကို သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

သတင်းဆောင်းပါး - မောင်မောင်ကျော်
ဓာတ်ပုံမှတ်တမ်း - သက်အောင်တင်

လင်း။ တီဘီရောဂါဟာ ကူးစက်နိုင်သော ရောဂါဖြစ်တယ်လို့ သိရပါတယ်။ တီဘီကူးစက်ပုံနှင့် ကူးစက်ခံရသူတိုင်း ရောဂါဝေဒနာရှင်ဖြစ် မဖြစ် သိပါရစေ။

အုပ်။ တီဘီရောဂါဟာ အဆုတ်တီဘီဝေဒနာရှင်က ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကျယ်လောင်စွာ အော်ဟစ်သီဆိုခြင်းအားဖြင့် တီဘီပိုး လေထဲသို့ရောက်ကာ ပတ်ဝန်းကျင်ရှိ လူများ၏ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်စေခြင်းဖြစ်ပါတယ်။

ကူးစက်ခံရသူတိုင်း ရောဂါရှင်မဖြစ်ပါ၊ ရောဂါရှင်ဖြစ်လျှင်လဲ ကူးစက်ပြီး နှစ်နှစ်နှင့် ငါးနှစ်အတွင်း အဖြစ်များပါတယ်။

ရောဂါ ဖြစ်နိုင်တဲ့သူတွေကတော့–

- ခုခံအား ကျဆင်းနေသူတွေ၊
- ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါး သောက်သုံးသူတွေ၊
- ခုခံအားကျ ဆေးသောက်သုံးသူတွေ၊
- အာဟာရဓာတ် မပြည့်ဝသူတွေ၊
- ဆီးချိုရောဂါသည်၊ အစာအိမ် ဖြတ်တောက်ကုသခံထားသူ၊
- အရက် အလွန်အကျွံသောက်သူနှင့် အိမ်နှင့်နေထိုင်သူ လူဦးရေမမျှတခြင်း၊
- အလင်းရောင် လေဝင်လေထွက်ကောင်းစွာ မရခြင်း၊
- အိမ်၏ ပတ်ဝန်းကျင် ကျန်းမာရေး ညီညွတ်မှု မရှိခြင်း၊
- လူမှုစီးပွားရေး နိမ့်ကျခြင်း ဒီအကြောင်းတို့ဟာ တီဘီရောဂါ ဖြစ်စေသော အကြောင်းအချက်များ ဖြစ်ပါတယ်။

လင်း။ တီဘီရောဂါ ဖြစ်စေနိုင်သော လုပ်ငန်းခွင်နဲ့ တီဘီရောဂါ အမျိုးအစားများကိုလဲ ပြောပြပါဦး။

အုပ်။ လူအများ စုပေါင်းလုပ်သော လုပ်ငန်း၊ လေဝင်လေထွက်နှင့် အလင်းရောင် မကောင်းသော အခန်းတွင်းလုပ်ငန်း၊ အမှုန်အမွှားနဲ့ အခိုးအငွေ့ထွက်သည့်လုပ်ငန်းနဲ့ တီဘီရောဂါသည် ရှိနေသည့် လုပ်ငန်းများ ဖြစ်ပါတယ်။ ရောဂါဖြစ်စေတဲ့ အမျိုးအစားများကတော့ သလိပ်ပိုးတွေ့အဆုတ် တီဘီနဲ့ သလိပ်ပိုးမတွေ့ အဆုတ်တီဘီက ၈၀ ရာခိုင်နှုန်းဖြစ်ပြီး အကျိတ်တီဘီ၊ ကျောရိုးမတီဘီ၊ အရိုးတီဘီ၊ အူတီဘီ၊ ကျောက်ကပ်တီဘီ၊ သွေးမှတစ်ဆင့် ကူးစက်သော လူးစေ့တီဘီ၊ မျိုးပွားအင်္ဂါတီဘီနဲ့ ကလေးများတွင် ဖြစ်ပွားသည့် တီဘီတို့က ၂၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်း ပြည်ထောင်စု တီဘီရောဂါဆိုင်ရာ တိုင်း တီဘီရောဂါတိုက်ဖျက်ရေးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းမောင်က တီဘီရောဂါဆိုင်ရာ မှတ်တမ်းများ ကြည့်ရှု၍ လူနာများအား ဤသို့နွေးထွေးစွာ ကုသပေးသည်။ (ဓာတ်ပုံ–သက်အောင်တင်)

လင်း။ တီဘီရောဂါ ဖြစ်ပွားခဲ့ရင် ဘယ်လို နေရာမျိုးကိုသွားပြီး ဘယ်လို ကုသရမယ်ဆိုတာကို သိပါရစေ။

အုပ်။ မြန်မာနိုင်ငံရှိ မြို့နယ် ၃၂၄ မြို့နယ်တွင် တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်း ဆောင်ရွက်ထားပြီး ဖြစ်၍ မြို့နယ် ကျန်းမာရေးဌာနတိုင်းတွင် သွားရောက်စစ်ဆေးပြီး အခမဲ့ ဆေးကုသမှု ခံယူနိုင်ပါတယ်။ ရောဂါကုသရာမှာ **တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးကို** သိဖို့လိုပါတယ်။ အဲဒါကတော့ ဆေးညွှန်းမှန်၊ ဆေးတွဲမှန်၊ ဆေးသောက်ချိန်မှန်၊ ကုသကာလမှန်ဖြစ်တဲ့ မှန် လေးမှန်ကို မှန်ကန်စွာ ကုသခံနိုင်ရန် ဆေးဝါးများ ပါးစပ်ထဲအရောက် မျိုချပြီးသည်အထိ တစ်စုံတစ်ယောက်သောသူက စောင့်ကြပ်ကြည့်ရှုသည့် နည်းလမ်းလို့ ခေါ်ပါတယ်။

ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်း အသင်းအဖွဲ့တို့က စောင့်ကြပ်ကြည့်ရှုနည်း ဖြစ်ပါတယ်။

လင်း။ တီဘီရောဂါ ဖြစ်ပေါ်ပြီး အချိန်မီဆေးမကုဘဲ လျစ်လျူရှုထားရင် အသက်အန္တရာယ် ဖြစ်စေနိုင်ပါသလား။

အုပ်။ ဆေးမကုဘဲ လျစ်လျူရှုထားရင် အတူနေ မိသားစုကို ရောဂါကူးစက်ပြီး လူနာသည် တစ်နှစ်၊ နှစ်နှစ်အတွင်း အသက်ဆုံးရှုံးနိုင်ပါတယ်။

လင်း။ အမျိုးသားတီဘီ တိုက်ဖျက်ရေးလုပ်ငန်းမှာ ကိုယ်ပိုင်ဆေးခန်း၊ ဆရာဝန်တွေ ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေ ရှိပါသလား။

အုပ်။ ရှိပါတယ်၊ ၂၀၀၃ ခုနှစ်အတွင်းမှာ ပြည်နယ်နှင့် တိုင်းအားလုံးမှာရှိတဲ့ မြို့ကြီးတွေက ပြင်ပ ဆရာဝန်များအားလုံးအား ရောဂါရှိသူများကို ကျန်းမာရေး ဌာနများသို့ ညွှန်ပေးရန် စီစဉ်ထားပါတယ်။ ၂၀၀၄ ခုနှစ်မှာ ရောဂါဝေဒနာရှင်များသော မြို့ကြီး ၅၀ မှာ ဆက်လက် အကောင်အထည် ဖော်သွားပါမယ်။

လင်း။ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်ပြီး အထူး ပြောလိုတာများရှိရင် သိပါရစေ။

အုပ်။ အထူး ပြောကြားလိုတာကတော့ ရင်သွေးငယ်များကို ဘီစီဂျီကာကွယ်ဆေး ထိုးပေးပါ။ ရောဂါဝေဒနာရှင်သည် တံတွေး၊ သလိပ် စည်းကမ်းမဲ့ မထွေးပါနှင့်။ ချောင်းဆိုးလျှင် လက်ကိုင်ပဝါသုံးပါ။ ရောဂါမစစ်ရသေးသူများ ရက်သတ္တပတ် သုံးပတ်ကျော် ချောင်းဆိုးနေလျှင် နီးစပ်ရာဆေးခန်းပြပါ။ **တိုက်ရိုက် ကြည့်ရှု အချိန်တိုကု**ထုံးနဲ့ ရောဂါပျောက်အောင် ကုသကြရန် ပြောကြားလိုပါတယ်။ ။

(မြန်မာ့အလင်း)

တီဘီရောဂါဝေဒနာရှင်များကိုကုသပေးလျက်ရှိသော ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပြည်ထောင်စု တီဘီရောဂါဆိုင်ရာဌာန ရန်ကုန်တိုင်း တီဘီရောဂါတိုက်ဖျက်ရေးဌာနကို တွေ့ရစဉ်။ (ဓာတ်ပုံ–သက်အောင်တင်)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်း သုဝဏ္ဏမြို့ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်ထိ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက သုဝဏ္ဏသိင်္ဂီရိပ်သာ၏ ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကစ္စာယန အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် နိုဝင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ ရိပ်သာ ဖုန်း–၅၇၂၃၈၅ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)



ပညာရတနာ မြန်မာစာအထူးထုတ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၃

ဦးသန်းထွတ် (ပါမောက္ခ–ငြိမ်း) တည်းဖြတ်သည့် ဆရာဇော်(ရန်ကုန်တက္ကသိုလ်)၏ တက္ကသိုလ်ဝင်တန်း မြန်မာစာ အထူးထုတ်စာအုပ်သည် အလိုအပ်ဆုံးများကိုသာ အမှတ်ပေးစည်းမျဉ်းနှင့်အညီ အထိရောက်ဆုံးဖြစ်အောင် စီစဉ်ရေးသားထားသည်။ ယင်းစာအုပ်ကို စိုးစံစာပေ အမှတ် ၂၉၊ သတိပဋ္ဌာန်လမ်း တာမွေမြို့နယ် ရန်ကုန် ဖုန်း–၅၄၆၁၅၀၊ ဝ၉–၅၀–၁၈၆၉၈ က ရောင်းဈေး ကျပ် ၄၅၀ ဖြင့် ဖြန့်ချိထားသည်။ **(ဝဲပုံ)**

(က–ပ)

မိတ္တူကူးစက်များ ဈေးနှုန်းမှန် ဝယ်ယူနိုင်ကြ

ရန်ကုန် နိုဝင်ဘာ ၂၃

ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူတို့၏ အကျိုးကိုမျှော်ရည်၍ Success Copier Group Ltd. မှ မိတ္တူကူးစက် (Fully Remanufacture 22OV)မျိုးစုံနှင့် အပိုပစ္စည်း (Sparepasts)မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဝယ်ယူသွားသော မိတ္တူကူးစက်များကိုလည်း တစ်နှစ် လက်ခမဲ့ပြုပြင်ပေးခြင်း၊ နှစ်လအတွင်း တစ်စုံတစ်ရာ ပျက်ခဲ့လျှင် (Drum & Blade)မှအပ အခမဲ့ အသစ်ပြန်လည်တပ်ဆင်ပေးခြင်း၊ ပုံမှန် Servicing ပြုလုပ်ပေးခြင်း၊ ရန်ကုန်မြို့တွင်း အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်း၊ Service Contract များကိုလည်း ခြောက်လ၊ တစ်နှစ် ချုပ်ဆိုပေးခြင်းစသော အကောင်းဆုံးဝန်ဆောင်မှုမျိုးစုံကို Success Copier Group Ltd. မှ လုပ်ဆောင်ပေးနေကြောင်း သိရှိရသည်။

စိတ်ပါဝင်စားသူများသည် Success Copier Group Ltd. အမှတ်(၂၇၇/၀၁/၀၂) (မြေညီထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (အာရှပလာဇာ) ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၂၅၄၄၂၅၊ ၂၅၄၄၂၆၊ Ext:၃၁၀နှင့် မန္တလေးမြို့ Myanmar Computer Company Ltd. (MCC) ရတနာပုံဈေး၊ ရုံအမှတ်(ဒီ)၊ ဒုတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ ဖုန်း–၀၂–၃၈၆၃၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ပဲခူးဒီဂရီကောလိပ်နေ
ဦးအောင်သန်း(ပါမောက္ခ၊ ရူပဗေဒဌာန)-ဒေါ်လှဥမ္မာ
တို့၏သားကြီး
မောင်လှထူးအောင် B.Sc (Physics)
(ဆင်မင်းပွဲရုံ) နှင့်
ရန်ကုန်တိုင်း၊ ထောက်ကြန့်မြို့နယ်၊ တိုးချဲ့ရပ်ကွက်၊ ၂/၂/၁၆၃၊ (၁)လမ်းနေ
ဒုအရာခံဗိုလ်တင်ရွှေ (ကိုးမိုင်)-(ဒေါ်မြင့်မြင့်ဆွေ)
တို့၏ သမီးထွေး
မနှင်းနုစိုး B.A (Geography)
(ပြည်ပဆက်သွယ်ရေး)

တို့၏ ၂၂-၁၁-၂၀၀၃ ရက် (စနေနေ့)တွင် I.B.Cခန်းမ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေး တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးကံဇော်နှင့် ဇနီး ဒေါ်နန္ဒာမွန်း (ယဉ်ကျေးမှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး)တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယို Konica(ချောစု)၊ သတို့သမီးဝတ်စုံနှင့် မိတ်ကပ်အလှဖန်တီးရှင် ခင်စန်းဝင်း၊ I.B.Cခန်းမမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လှထူးအောင်-မနှင်းနုစိုး။

တန့်ကြည်တောင်ဆရာတော် ဦးစီးကျင်းပသော
ပုဂံသတိပဋ္ဌာန်အဓိဋ္ဌာန် "ဓမ္မသဘင်"

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဂံသတိပဋ္ဌာန် "ဓမ္မသဘင်"ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်၏ တပည့်ယောဂီများနှင့် အဓိဋ္ဌာန်ဝင်လိုသူအပေါင်းအား သိစေအပ်ပါသည်။

အပတ်စဉ်	**ကျင်းပမည့်နေ့ရက်**	**ကျင်းပမည့်နေရာ**
ပထမပတ်	ဒီဇင်ဘာ ၁ရက်မှ၈ရက်	တန့်ကြည်တောင် ဝိပဿနာကမ္မဋ္ဌာန်းဌာန
ဒုတိယပတ်	ဒီဇင်ဘာ ၉ရက်မှ ၁၆ရက်	ဣသိပညဒေဝဂုရုကျောင်း၊ ပုဂံမြို့
တတိယပတ်	ဒီဇင်ဘာ ၁၇ရက်မှ၂၄ရက်	ဖုန်း-၀၂-၆၇၀၁၇

အဓိဋ္ဌာန်ဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ရန်ကုန်မြို့ (ကုန်းတလဘောင်)	၀၁-၂၄၇၅၅၇
မန္တလေးမြို့(မဟာဘုံကျော်ပုဂံတိုက်)	၀၂-၇၀၇၁၈၊ ၅၄၆၄၅
ပုဂံမြို့ (ဣသိပညဒေဝ ဂုရုကျောင်း)	၀၂-၆၇၀၁၇
တန့်ကြည်တောင်ပေါ်	၀၂-၆၇၅၀၂

ကပ္ပိယ ကာရကအဖွဲ့
တန့်ကြည်တောင် ဝိပဿနာကမ္မဋ္ဌာန်းဌာန

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဇရာဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့နေ ဦးစိန်ဝင်း-ဒေါ်စိမ်းရင်တို့၏သား၊
ရန်ကုန်မြို့နေ ဒေါက်တာမျိုးသိမ်းကြီး-ဒေါ်စန်းစန်းယု
တို့၏မောင်
မောင်ဝင်းအောင်မြင့် B.E (Mechanical)
M &E Engineer
(Semb Corp. Engineers and Constructors Pte., Ltd. S'pore)
နှင့်
ရန်ကုန်မြို့နေ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်တို့၏တူမ၊
ဦးမင်းကို-ဒေါ်ကြည်မြင့်
တို့၏သမီးကြီး
မဇာနည်ကို B.Sc (Physics)
Diploma in Business (Banking & Finance),
Temasek Polytechnic S'pore
Manager (SIBUR Trading Pte., Ltd. S'pore)

တို့၏ ၂၂-၁၁-၂၀၀၃ ရက်(စနေနေ့) မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာလက်ထပ်ပွဲအခမ်းအနားတွင် မင်္ဂလာဘိသိက်ရေစင်သွန်းဖျန်း၍ လက်ထပ်ထိမ်းမြားပေးသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီးဒေါ်ခင်မာအေး တို့အားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်၊ အသိသက်သေအဖြစ်ဆောင်ရွက်ပေးသော ဦးဝေလင်းနှင့်ဦးကျော်လင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးမောင်မောင်လေး၊ မင်္ဂလာတေးသံသာများနှင့် ဧည့်ခံဖျော်ဖြေပေးသော တေးသံရှင်စောင်း မူမူသိန်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၃-၁၁-၂၀၀၃ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပသော Traders Hotel မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဒေါ်ခင်မာအေး၊ မင်္ဂလာဆွဲကြိုးဆင်မြန်းပေးသော မြစ်မခကုမ္ပဏီများဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာသတို့သားအရန် ကိုဇာလီကျော်နှင့် ကိုမြတ်နိုင်ထွန်း၊ မင်္ဂလာသတို့သမီးအရန် မမာမာသီနှင့် မအေးသီရိအောင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာဆွဲကြိုးကိုင်ဆောင်ပေးသော မကေခိုင်အေးမောက်နှင့် မလှိုင်လှိုင်ဝင်း၊ မင်္ဂလာပန်းကြဲပေးသော မကြည်သာလွင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မခင်ကံ့ကော်ကြီး၊ မင်္ဂလာအခါတော်သီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော အေဝမ်းစိုးမြင့်နှင့်အဖွဲ့သားများ၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးသော မမဥ္ဇူ၊ မိတ်ကပ်နှင့်ဆံပင် အန်တီပွင့်၊ ပန်းအလှပြင်ပေးသော ကိုအော်လီဗာနှင့် မဝင်းစန္ဒာကြီး၊ ဓာတ်ပုံနှင့် ဗီဒီယို စိုင်းဘုန်းထူး၊ Mya Yeik Nyo Royal Hotel နှင့် Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာလက်ထပ်ပွဲနှင့် မင်္ဂလာညည့်ခံပွဲတွင် မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းအောင်မြင့်-မဇာနည်ကို။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မင်းထီးလမ်း၊ အမှတ် ၁၈နေ
ဦးပိန်ကန့်-ဒေါ်အေးလွင်
တို့၏သားထွေး
မောင်ချစ်လွင် (မာရ်သစ္စာကားဂိတ်)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းလမ်း၊ အမှတ် ၁၂နေ
ဦးဂျော်ဂျက်(ခ)ဦးလှသိန်း-ဒေါ်တင်ရီ(သီရိဇေယျာ စက်မှုလက်မှုလုပ်ငန်း)
တို့၏သမီးထွေး
မဝါဝါသန့်

တို့၏ ၂၂-၁၁-၂၀၀၃ ရက်တွင် ယုဇနဂါးဒင်း၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ကုံးများဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဝင်းနှင့်ဇနီး ဒေါ်ချိုချို၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းနှင့် ဇနီး ဒေါ်လှငွေ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာညည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် အလှပြုပြင်ဖန်တီးပေးသော မိတ်ကပ်စိုးစိုး၊ သတို့သမီးဝတ်စုံ မမဥ္ဇူ၊ အင်းလျားလမ်း၊ စစ်ဘက် နယ်ဘက်မှ လူကြီးများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင် ကိုငွေဝင်းအဖွဲ့နှင့် သူငယ်ချင်းများ၊ ယုဇနဂါးဒင်းမှ မန်နေဂျာနှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ချစ်လွင်-မဝါဝါသန့်။

အမည်ပြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၂ ရပ်ကွက်နေ ဦးညွန့်မင်းဦး၏သမီး မမေမြတ်နိုးအား ယနေ့မှစ၍ မမြတ်သွယ်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်သွယ်နိုင်။**

အမည်ပြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၂ ရပ်ကွက်နေ ဦးချစ်ဝေ၏သား မောင်မြတ်ထွန်းမင်းအား ယနေ့မှစ၍ မောင်တိုးဝေနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်တိုးဝေနိုင်။**

အမည်ပြောင်း

အဖဦးထွေးစိန်-အမိဒေါ်ကြည်ကြည်မြင့်တို့၏သားဖြစ်သူ အထက(၂)မင်္ဂလာဒုံ၊ အဋ္ဌမတန်း (C)မှ မောင်ကိုင်းဟင်အား ယနေ့မှစ၍ မောင်ကျော်ဇင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇင်ထက်။**



သီရိမန္တလာဈေး မြေညီထပ်နှင့် ပထမထပ်မှ ဆိုင်ခန်းဖိုးပေးသွင်းငွေ ပြန်အမ်းမည်

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သီရိမန္တလာဈေး၊ မြေညီထပ်နှင့် ပထမထပ်တို့တွင် ဈေးတည်ခင်းဖွင့်လှစ်ရောင်းချခြင်းမရှိသော ဆိုင်ခန်းများအားလုံးကို ကော်မတီအနေဖြင့် အငှားချထားခြင်းမှ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဆိုင်ခန်းရှင်များအနေဖြင့် မိမိတို့ပေးသွင်းထားသော ဆိုင်ခန်းဖိုးငွေများကို အောက်ပါ အထောက်အထားများ ယူဆောင်လာပြီး (ဃ)ရုံနှင့် (ဆ)ရုံများမှ ဆိုင်ခန်းရှင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနတွင်လည်းကောင်း၊ ကျန်ရုံများမှ ဆိုင်ခန်းရှင်များသည် (၂၂)လမ်းနှင့် (၈၉)လမ်းထောင့်ရှိ တော်ဝင်ရတနာ သမဝါယမအသင်းရုံးတွင်လည်းကောင်း ၃-၁၂-၂၀၀၃ ရက်နေ့မှစပြီး လာရောက်တင်ပြ၍ သတ်မှတ်ရက်အတွင်း ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဆိုင်ခန်းဖိုးငွေ အကျေပေးသွင်းပြီးပါက ဆိုင်ခန်းငှားရမ်းခွင့်မှတ်ပုံတင်စာအုပ် သို့မဟုတ် ငွေသွင်းပြေစာမူရင်းများ၊
(ခ) ဆိုင်ခန်းဘိုးငွေ အကျေမပေးသွင်းရသေးပါက ငွေပေးသွင်းထားသည့် ပြေစာမူရင်းများနှင့် စာရွက်စာတမ်းများ၊
(ဂ) ဆိုင်ခန်းငှားရမ်းခွင့်ရရှိသူကိုယ်တိုင် လာရောက်ထုတ်ယူပါက မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရန်၊
(ဃ) ကိုယ်တိုင် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ပြီး ကိုယ်စားလှယ်အနေဖြင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာရန်။

ဌာနမှူး
ဈေးနှင့်သားသတ်ဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နို့ဝင်ဘာညီအစ်ကိုများအတွက် မွေးနေ့ဆုတောင်း

သားကြီး - မောင်အောင်ကျော်ဝင်း (၂၄-၁၁-၈၀)
သားလတ် - မောင်ရဲရင့်ဝင်း (၂၃-၁၁-၈၃)
သားငယ် - မောင်သန့်ဇင်အောင် (၇-၁၁-၈၆)

နေ့များမှာ ကျရောက်ခဲ့သော မွေးနေ့မင်္ဂလာရက်မြတ်များမှသည် နောင်လာမည့် နှစ်ပေါင်း ၁၂၀တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ပညာရေးတွင် ထူးချွန်သော သားကောင်းရတနာများဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

ပါးပါး-ဦးမျိုးဝင်း
မားမား-ဒေါ်ပေါ်လီ
(ဝင်းရွှေရည်အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေး)



သင်ရွှေဆိုင်ဖွင့်လိုပါသလား ?
သန်းဖြိုးရတနာရွှေဆိုင်မှအထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့်ရွှေပညာတတ်မြောက်လိုသူများအတွက်

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇) ရွှေချွတ်နည်း (သို့) ရွှေအခေါက်အဖြစ် သန့်စင်နည်းစသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင်တစ်ဦး အနေနှင့်သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ (၁)လနှင့်အပြတ်စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ/သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက်
၁-၁၂-၂၀၀၃

သင်တန်းချိန်	-	နံနက် ၁၀:၀၀ မှ ၁၁:၃၀ ထိ (သို့) ညနေ ၄:၀၀ မှ ၅:၃၀ ထိ
သင်ကြားမည့်ရက်	-	တနင်္လာနေ့မှ သောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ	-	သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး အမှတ် ၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး၊ ဖုန်း-၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆



ကလောစက်မှုလက်မှုသိပ္ပံ ကျောင်းသား/ သူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ကလောစက်မှုလက်မှုသိပ္ပံကျောင်းသား/သူဟောင်းများ၏ **(၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ** ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ – ၆-၁၂-၂၀၀၃(စနေနေ့)
၁၃၆၅ခု နတ်တော်လဆန်း ၁၃ ရက်

ကျင်းပမည့်နေရာ – ရွှေကျင်နိကာယ သာသနာ့လက်ာရ မဟာဓမ္မဗိမာန်တော်ကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့် ရေခဲဆိုင်မှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်ရန် – ဦးထွန်းအောင်(၀၂-၆၃၀၃၆)၊ ဦးသိန်းဝင်း (၅၃၉၈၇၇)
ဦးအောင်စိုး(၅၃၄၁၅၂)၊ဦးမြင့်ဌေး-ဒေါ်ချယ်ရီအောင်(၆၅၁၀၆၈)
ဦးမိုးထွန်း (၀၉-၆၉-၇၁၀၃၄)

အမည်ပြောင်း: ဦးမျိုးမြင့်ထွန်း၏သမီး အမက(၁)ဗဟို အင်းစိန်မြို့ စတုတ္ထတန်း(A)မှ မခင်စန္ဒာမျိုးမြင့် အား မဟန်နီစိုးဟု ပြောင်းလဲခေါ်ပါရန်။

မဟန်နီစိုး

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားခြင်း ယာဉ်အမှတ် ၈က/၈၇၁၀ မော်တော်ယာဉ်လက်ဝယ်ရှိသူသည် မော်တော်ယာဉ် မှတ်ပုံတင် စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ဝန်ထမ်းအလိုရှိသည်

A.H.K Product Co.,Ltd.

၁။ Accountant
၂။ Q.C
၃။ Sales Supervisor
၄။ Sales Representative

B.Com(CPA), B.Com, LCCI Level III ... Computerized Accounting ...

B.Sc(IC) ... B.Sc(Chemistry) ...

A.H.K Product Co., Ltd.

အမြန်ဆက်သွယ်ပါ

ရန်ကုန်မြို့တွင်းရှိ အိမ်၊ခြံ၊မြေ၊ တိုက်ခန်း၊ ဂိုဒေါင် ရောင်း၊ဝယ်၊ငှား၊ရမ်း လိုသူများ အမြန် ဆက်သွယ်နိုင်ပါသည်။

Tel; 222923, 09-80 21478

မြေကွက်ရောင်းရန်

ရွှေပြည်သာမြေကွက်(စက်မှုဇုန် အနီး) ပေ ၆၀Xပေ ၆၀ အုတ် တံတိုင်းခတ်ပြီး၊ ရေမီးစုံ၊ အလျှော့အတင်းရှိ။ ဆက်သွယ်ရန် **ဖုန်း-၅၃၆၇၈၃၊ ၅၂၆၅၃၂**

ဖုန်း- ၂၀၀၄၉၁

အမြန်စုံစမ်းပါ။

201325/ 0980-23463

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ် ၈၀၃ မဟာဗောဓိလမ်းနေ (ဘ)ဦးဂျမားလ်(ခ) ဦးမိုးကျော်၏သား ကျော်စိုးမိုး (ခ) သီဟစိုး ၁၄/ပသန(နိုင်)၁၅၈၉၇၅ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။ ဖြေရှင်းမပေးပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဂျာမားလ်(ခေါ်)ဦးမိုးကျော်

၁၄/ပသန(နိုင်)၁၅၂၇၀၅

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၂-၇၈) ခုနှစ် ဘာသာရပ်ပေါင်းစုံ ကျောင်းသား/သူများ၏ ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားဖိတ်ကြားလွှာ

ငွေရတု အထိမ်းအမှတ်

(က) ကျင်းပမည့်နေရာ ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း)

(ခ) ကျင်းပမည့်နေ့ရက် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ (၂၉)ရက် (စနေနေ့)

(ဂ) ကျင်းပမည့်အချိန် (၁၀:၀၀) နာရီ

Lion City Restaurant ၌ ...

ဆက်သွယ်ရန်-

ဦးမြွေသိန်းကျော် (Mech:)
ဦးလှမင်း (EP)
ဒေါ်ကြည်ရွှေ (Civil)
ဦးအောင်လှချစ် (Mining)
ဦးသန်းညွန့် (EP)
ဒေါ်ဝေဝေမြင့် (Chem)
ဒေါ်ခင်အုန်းမြင့် (Civil)

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၉)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။(အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၁၇-၁၁-၂၀၀၃ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၇-၁၂-၂၀၀၃ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)နှင့်(၁)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်သည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **တောင်ကြီးမြို့**တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် (၂၆-၁-၂၀၀၄) မှ (၂၉-၁-၂၀၀၄)ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀ိ/-)၊ ဒုတိယနှစ်(၅၀၀၀ိ/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်အလိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားရရှိမည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်း ခံစားခွင့်ရှိသည် -

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I (Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးခြင်း**။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့အလိုက်ပညာသည်စစ်သည်များ **အဆင့်တိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့်အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိအဖြစ်လျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချက်များနှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်။

ဝမ်းနည်းကြေကွဲခြင်း

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း–ဒေါက်တာဒေါ်ဝင်းနုနုသန့်တို့၏ မိခင် ဒေါ်အေးကြည်သည် ၂၂–၁၁–၂၀၀၃ ရက် နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့ အမှတ် ၁၂၊ မြကန်သာ ၂ လမ်း၊ ၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးအောင်သန်းမြင့်–ဒေါ်ခင်ရီတို့၏မိခင်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ပျော့ အသက်(၇၈)နှစ်(ဒေးဒရဲ)သည် ၁၉–၁၁–၂၀၀၃ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် အစ်ကို အစ်မတို့နဲ့ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးရွှေ၊ ဒေါ်သီရိ
B.G.B မိသားစု၊ မန္တလေး။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရှင်မာ၏ခင်ပွန်း၊ ကိုဝင်းကြူ–မမေစီတို့၏ဖခင် ဦးကျင်ပွန်း(ခ)ဦးဆိုင်းပေါသည် ၁၄–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာအောင်လွင်–မသက်နှော
ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရှင်မာ၏ခင်ပွန်း၊ ကိုဝင်းကြူ–မမေစီတို့၏ဖခင် ဦးကျင်ပွန်း(ခ) ဦးဆိုင်းပေါသည် ၁၄–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးချောက်ချက်–ဒေါ်ကြည် မိသားစု။

ဗိုလ်မှူးမောင်မောင်
(တော–၅)
ကြည်း–၁၄၄၉၆
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်း(မြောက်)ရပ်ကွက်နေ (ရဲဝန်ထောက်ဦးရှိန်–ဒေါ်နီနီ)တို့၏သား၊ ညောင်လေးပင်မြို့နေ (ဦးရာကြီး–ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသိန်းမြင့်(ERG.Ltd.)–ဒေါ်ခင်ယုလွင် (စီမံကိန်းရေးဆွဲရေး၊ ရုံးချုပ်)၊ ဦးခင်မောင်စိုး(စမ်းချောင်းမြို့နယ်၊ ပြည်တွင်းအခွန်)–ဒေါ်တင်ဌေးလွင်တို့၏ ညီမောင်၊ဦးကျော်စွာထွန်း (Myanmar-Daewoo Co.)၏အစ်ကို၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာရိပ်သာ၊ တိုက် ၂၊ အခန်း ၄ နေ ဒေါ်ခင်ဆွေလွင်၏ ခင်ပွန်း၊ ဗိုလ်လောင်းစည်သူမောင်မောင် (တတိယနှစ်–စတသ)၊ ဗိုလ်လောင်း အောင်သူမောင်မောင် (ဒုတိယနှစ်–တနတ)၊ ဇေယျာမောင်မောင်(ထ/၁၁၊မန္တလေး) တို့၏ဖခင်၊ မခေန့်ခန့် (စက်မှုလယ်ယာရုံးချုပ်)၊ မလင်းကြည်ဖြိုး (Myanmar Indobest Co.)၊ ဉာဏ်ပိုင်စိုး(D.C Century Shipping Co.)၊ဗိုလ်လောင်းထိန်လင်းဟန်(ဒုတိယနှစ်–တနတ)၊ မအေးမွန်မွန်စိုးတို့၏ဦးလေးသည် ၂၃–၁၁–၂၀၀၃ ရက် နံနက် ၃:၃၀ နာရီတွင် တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂

ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ဖွားသိန်း (ဇလွန်)
အသက်(၈၇)နှစ်

(ဦးဘဖေ–ဒေါ်စောကျင်) တို့၏ သမီး၊ (ဦးလှဖေ)၏ဇနီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၃၁၈၊ အခန်း ၁၁၊ရန်အောင်လမ်းသွယ် ၂ နေ ဒုတိယဗိုလ်မှူးကြီးညီပု (ငြိမ်း) [ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပြည်သူ့အင်အားဦးစီးဌာန] (အကြံပေးအရာရှိ၊ ကာကွယ်ရေးဝန်ကြီးဌာန]–ဒေါ်မြင့်မြင့်သိန်း (အထပြ၊ ငြိမ်း)၊ ဒေါက်တာသိန်းစိုး (ဆာကူရာအထူးကုဆေးခန်း) – ဒေါ်ခင်သန်းဌေး တို့၏မိခင်၊ မပွင့်နွယ်ဝေ၊ ဗိုလ်မိုးမင်းထွန်း၊ မပွင့်ကေခိုင်၊ မောင်ပြည့်ဖြိုးမောင်မောင်စိုး၊ မအိငုံဖူးတို့၏ အဘွားသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) ညနေ ၅:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ညို
ဒေါပုံဂုန်နီကော်ဇော ပစ္စည်းစက်ရုံ(ငြိမ်း)
အသက်(၆၅)နှစ်

ပဲခူးမြို့၊ မြွေပွေးကုန်းကျေးရွာနေ (ဦးမောင်သင်း–ဒေါ်စိန်နွဲ့)တို့၏သား၊ (ဦးမြလှိုင်)–ဒေါ်စောကြည်၊ (ဦးမြကြိုင်)–ဒေါ်ခင်ညွန့်၊ (ဦးချို)–ဒေါ်ညွန့်၊ (ဦးအောင်တင်–ဒေါ်ကုလားမ) တို့၏ညီ/မောင်၊ဦးလှကျော်–ဒေါ်သန်းသန်း၊ဦးကျော်ထွန်း (ဒေါပုံဂုန်နီကော်ဇောစက်ရုံ)–ဒေါ်ခင်အေးဆွေ၊ ဒေါ်အေးအေးမြင့်တို့၏ အစ်ကို၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ ၄ လမ်း၊ အရှေ့၊ အမှတ် ၁၁၂၅(ခ)နေ မောင်ညိုစန်း(ခ)မောင်တင်ရွှေကိုဆန်းလင်း(သတင်းစဉ်)–(မသင်းသင်းခိုင်)၊ကိုဇော်ဇော်အောင်–မအေးအေးမော်၊ကိုစောရန်နိုင်–မအေးစုမာတို့၏ဖခင်၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်ကျော်မင်းခန့်၏ အဘိုးသည် ၂၃–၁၁–၂၀၀၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁၁–၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးမောင်ကြီး
(အငြိမ်းစား)
ကြည်း–၇၂၁၅
ဗိုလ်သင်တန်းအပတ်စဉ်(၁၅)
အေးသာယာမြို့သစ်
အသက်(၇၇)နှစ်

မြိတ်မြို့နေ ဦးစံလင်း–ဒေါ်သန်းကြည်တို့၏သား၊ ကလောမြို့နေ ဦးသိန်း–ဒေါ်ထွေးတို့၏ သားသမက်၊ အေးသာယာမြို့သစ်နေ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ ဗိုလ်မှူးထင်မောင်လတ်–ဒေါ်စန္ဒာခိုင်၊ သင်္ဘောဒုတိယအရာရှိ ဦးတင်မောင်မြင့်၊ ဦးတင်မောင်ဌေး(သစ်တော)တို့၏ဖခင်သည် ၁၂–၁၁–၂၀၀၃ ရက် နံနက်၈:၂၀နာရီတွင် တောင်ကြီးမြို့ တပ်မတော်ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင်တွင် တောင်ကြီးမြို့သြတချောင်း ကျေးရွာသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး အရာခံဗိုလ်မောင်သန်း
(အငြိမ်းစား)
(ကြို့ပင်ကောက်)
အသက်(၆၂)နှစ်

ကြို့ပင်ကောက်မြို့နေ (ဦးထွန်းရှိန်)–ဒေါ်မြကြည် တို့၏သား၊ တပ်တွင်းအိမ်ထောင်သည်လိုင်းနေ ဒေါ်သန်းသန်း(ကစလ)၏ ခင်ပွန်း၊ ဦးကျော်ဇင်သန်း–ဒေါ်ကေဇင်ဦးတို့၏ ဖခင်၊ မောင်ကောင်းမြတ်ကျော်၏ အဘိုးသည် ၂၂–၁၁–၂၀၀၃ ရက် နံနက် ၆နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၂) တပ်မတော်ဆေးရုံမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ အမှတ် ၂၆၈၊ အောင်မင်္ဂလာလမ်းနေ(ဦးဟံတင်)–ဒေါ်တင်ရွှေတို့၏သား၊ ဦးစိတ်ကောင်း–ဒေါ်သိန်းမြတို့၏ သားသမက်၊ ဒေါ်ခင်ထွေး၏ခင်ပွန်း၊ မောင်ဖြိုးမြင့်ထွန်း–မထိုက်ထိုက်ဦး၊ မထူးထူးလတ်တို့၏ဖခင်သည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) ညနေ ၄:၂၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးမောင်မောင်
(တော–၅)
ကြည်း–၁၄၄၉၆
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၇၇နေ (ရဲဝန်ထောက်ဦးရှိန်–ဒေါ်နီနီ) တို့၏သား၊ ဦးမြင့်သိန်း(မန်နေဂျာ၊ မြန်မာ့ဂုန်လျှော်လုပ်ငန်း)–ဒေါ်တင်တင်ဖြူ(စာရင်းစစ်ရုံး)၊ (ဦးမြင့်သန်း)–ဒေါ်အေးအေးဟန်(မအူပင်ဆေးရုံကြီး)၊ ဒေါ်ဘေဘီရှိန်(စမ်းချောင်း၊သ/မဦးစီး) တို့၏မောင်၊ ဦးဆန်နီလေး(ရှမ်းမြောက်၊ သ/မ)–ဒေါ်စပယ်ဦး၊ ဦးခင်မောင်ချို (Ko Tar Travels Tour, Co.)၊ ဦးကိုကိုလေး (Hansetic.,Co.)–ဒေါ်အေးအေးစိုး၊ ဦးမြင့်အေး(ကညန၊ပြည်)–ဒေါ်သန်းသန်းကြွယ်(မြန်မာ့အာမခံရုံး၊ ပြည်)တို့၏အစ်ကို၊ တူတူမ ကိုးယောက်တို့၏ဦးလေး၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာရိပ်သာ၊ တိုက် ၂၊ အခန်း ၄ နေ ဒေါ်ခင်ဆွေလွင်၏ ခင်ပွန်း၊ ဗိုလ်လောင်းစည်သူမောင်မောင်(တနှစ်၊စတသ)၊ ဗိုလ်လောင်းအောင်သူမောင်မောင်(ဒုနှစ်၊တနတ)၊ မောင်ဇေယျာမောင်မောင်(အထက–၁၁၊မန္တလေး) တို့၏ ဖခင်သည် ၂၃–၁၁–၂၀၀၃ ရက်နံနက် ၃:၃၀ နာရီတွင် တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် တပ်မတော် ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး ဦးတင်လှိုင်
(ပဲခူး)
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့နေ ဦးဟင်းချိုး– ဒေါ်အိုက်ကွမ်တို့၏ညီ၊ ဦးကျုံရီ၊ ပဲခူးမြို့နေ ဒေါ်မြင့်မြင့်သန်း၊ သုံးခွမြို့နေ ဦးခဲ–ဒေါ်မြင့်သိန်း၊ ပဲခူးမြို့နေ ဦးတင်လှ–ဒေါ်စောခင်၊ မိတ္ထီလာမြို့နေ ဦးအာလေး–ဒေါ်တင်တင်၊ ပဲခူးမြို့နေ ဦးသိန်းထွန်း–ဒေါ်တင်တင်ဝင်း၊ဦးမောင်မောင်–ဒေါ်တင်နု၊ ဦးလှမိုး–ဒေါ်စန်းစန်းဌေး၊ ဒေါ်တင်တင်ထွေးတို့၏ ဖခင်၊ မြေး ၂၇ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ် ၂၃လမ်း၊ အမှတ် ၉၄နေ (ဒေါ်ခွမ်းနား)၏ ခင်ပွန်းသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသောင်းဖေ
အခွန်ဦးစီးအရာရှိ(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် K ၊ အခန်း ၄၊ ရွှေပိတောက်လမ်း၊ ရွှေပိတောက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ (ဦးလပ်–ဒေါ်လှစိန်)တို့၏ သားကြီး၊ ဦးကျော်မြင့်–(ဒေါ်အေးကြွေ)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေမြင့်၏ ခင်ပွန်း၊ မမင်းမင်းဖေ၊ မနန်းနွယ်ဖေ၊ ဗိုလ်သက်ဇော်အေး–မနန်းပုလဲဖေ၊ မောင်သိုက်ဇော်ဖေ–မပွင့်သက်ခင်တို့၏ဖခင်သည် ၂၃–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများမွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ရီ (ပခုက္ကူ)
အသက်(၇၅)နှစ်

ပခုက္ကူမြို့၊ ရပ်စုံကျောင်းလမ်းနေ (ရေမျက် ဦးဘဖေ–ဒေါ်မြလှိုင်)တို့၏ သမီး၊ ဦးသန်းဌေး (ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ရန်ကုန်)–ဒေါ်ခင်နှင်းအောင်၊ ဦးမြင့်ဆန်း–ဒေါ်လှဲ့လှဲ့ခိုင် (ရတနာရွှေဆိုင်)၊ ဦးဇော်ဝင်း(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ညောင်ဦးမြို့)–ဒေါ်သန်းသန်းနု (ရွှေပြည်စိုးဆေးလိပ်ခုံ)၊ ဦးဘိုဘိုစိုး Schlumberger Log Inc(ခေတ္တ–မလေးရှား)–ဒေါ်ခိုင်စိုးလှိုင်၊ ဦးအောင်ဇော်ခိုင်–ဒေါ်ကေသွယ်ထွန်းထွန်း(ကထိက– MIT)၊ မခိုင်စိုးမိုးအောင်(M.Sc ,Zoo)–ဦးကိုကိုမောင် (သရုပ်ပြ၊ဘူမိဗေဒဌာန၊ပခုက္ကူတက္ကသိုလ်)၊ မခင်ခင်ဖြိုး (M.Sc - Q_2, Math)၊ ကိုထွန်းထွန်းအောင်(ခေတ္တ–မလေးရှား)၊ ဒေါ်ဆွေဆွေသင်း (SAT၊ညောင်ဦး)၊ ကိုညီညီအောင်(ဒုနှစ်–သမိုင်း)၊ ကိုညီညီမောင်(ဒု–ဂုဏ်၊သချာ်)၊ ဗိုလ်ဟန်မင်းထွန်းတို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၀–၁၁–၂၀၀၃ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၁–၁၁–၂၀၀၃ ရက်(သောကြာနေ့)တွင် ပခုက္ကူမြို့၌ မီးသင်္ဂြိုဟ်ဂူသွင်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူ တူ၊တူမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်မေသန်းနွဲ့ (မော်လမြိုင်)
ကျောင်းဆရာမ(ငြိမ်း)
အလက(၅)၊အင်းစိန်
အသက်(၅၆)နှစ်

မော်လမြိုင်မြို့နေ (ဦးထွန်းရှိန်–ဒေါ်ထား)တို့၏သမီး၊ ဖိုးကုန်းမြို့နေ (ဦးဘိုးစံ–ဒေါ်ရွှေဆက်)တို့၏ သမီးချွေးမ၊ အမှတ် ၉၉၉၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နေ ဦးရွှေအုန်း(အငြိမ်းစား၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ ဦးညွန့်ဝင်း–ဒေါ်အေးအေးသန်း၊ (ဦးအောင်ဆန်းဝင်း)–ဒေါ်ခင်ယု၊ ဦးခင်စိုး–ဒေါ်မြင့်မြင့်သန်း၊ ဦးတင်မျိုးဝင်း–ဒေါ်မိမိလေး၊ ဦးခင်မောင်ဝင်း–ဒေါ်လှလှသန်း၊ ဦးဌေးဝင်း–ဒေါ်သီတာအေး၊ ဦးသိုက်စိုး၊ ဒေါ်အိအိသီ၊ ဦးနိုင်ဦး–ဒေါ်နီနီဝင်း တို့၏အစ်မကြီး၊ မသူဇာရွှေ(သရုပ်ပြ၊ သတ္တဗေဒဌာန၊တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)၊မမာမာသွယ် တို့၏မိခင်သည် ၂၂–၁၁–၂၀၀၃ ရက် ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေဝင်း
ရွှေတိဂုံအထက်ပစ္စယာ တံမြက်လှည်းအသင်းဥက္ကဋ္ဌ
အသက်(၇၆)နှစ်

မင်္ဂလာတောင်ညွန့်ရပ်ကွက်၊အမှတ် ၁၆၊ ၁၁၃ လမ်းနေ(ဦးနု–ဒေါ်သန်းရှင်) တို့၏သားသည် ၂၃–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅–၁၁–၂၀၀၃ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ယင်းနေအိမ်မှ နံနက် ၉:၃၀ နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသားအသင်းသူများအား လိုက်ပါပို့ဆောင်ပေးရန် အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးသောင်းဖေ
အခွန်ဦးစီးအရာရှိ(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် (K)၊ အခန်း(၄)၊ ရွှေပိတောက်လမ်း၊ ရွှေပိတောက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ (ဦးလပ်–ဒေါ်လှစိန်)တို့၏ သားကြီး၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်း၊ ဒေါ်လှမြိုင်၏မောင်၊ ဒေါက်တာကိုကိုလတ်၊ ဒေါ်လှမြင့်၊ ဒေါ်ဘုန်းမြင့်လတ်၊ ဦးစိန်မြ၊ ဦးမျိုးမြင့်လတ်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ခင်မြဝင်းကြည်လတ်၊ ဦးမျိုးတင့်လတ်၊ ဦးစိန်မန်းမောင်လတ်–ဒေါ်တင်တင်နွယ်တို့၏အစ်ကိုကြီး၊ မမင်းမင်းဖေ၊ မနန်းနွယ်ဖေ၊ မနန်းပုလဲဖေ–ဗိုလ်သက်ဇော်အေး၊ မောင်သိုက်ဇော်ဖေ– မပွင့်သက်ခင်တို့၏ဖခင်ကြီးသည် ၂၃–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တန်စုဝှက်(ကိုတူး)(ခ) ဦးမင်းလွင်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ၂၁လမ်း၊ အမှတ်၁၄၆၊ ပထမထပ်နေ (ဦးမိန်တိတ်–ဒေါ်ဝှက်လှ) တို့၏သား၊ ဒေါ်အိုက်ကြူ၏ခင်ပွန်း၊ မနီနီလွင်၊ မအေးအေးလွင်၊ မောင်သိန်းအောင်၊ မခင်မိမိတို့၏ဖခင်သည် ၂၃–၁၁–၂၀၀၃ရက် နံနက်၃:၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁၁–၂၀၀၃ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း ဒေါ်စန်း
အသက်(၇၀)

ကျိုက်လတ်မြို့နေ(သခင်ဘထွန်း–ဒေါ်သန်းညွန့်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၉၆ နေ ဦးသန်းဝင်း၏ဇနီး (ရာသက်ပန်အသင်းဝင်)ဒေါ်စန်း(ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး)သည် ၁၇–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၁၁–၂၀၀၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်သိန်းကြူ
အောင်ဆန်းပုံစံပုံနှိပ်တိုက်(ငြိမ်း)
အသက်(၆၃)နှစ်

ဘားအံမြို့နယ်၊ ကတိုင်တိကျေးရွာနေ (ဦးနန်းကောင်း–ဒေါ်အုန်းမေ) တို့၏သမီး၊ (ဗိုလ်ကြီးမောင်မောင်) (မော်ကွန်းဝင်ပထမဆင့်)၏ဇနီး၊ ဦးထွန်းထွန်း(သန်း–နာရီပြုပြင် ရောင်းဝယ်ရေး၊ ဖော့ကန်၊ အင်းစိန်)–ဒေါ်နီလာဝင်း၊ ဦးစိုးလှိုင်မိုး–ဒေါ်ပပမောင်(အမှတ် ၇၅၇၊ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူ၊ အင်းစိန်)၊ ဦးအောင်မြင့်ကျော်–ဒေါ်တင်တင်ချို(ငါးခန်းတွဲ၊ စဥ့်ငူ၊ အင်းစိန်) တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၂–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး ဦးတီမင်း(ခ)ဦးညွန့်အောင်
(ပုသိမ်)
အသက်(၈၃)နှစ်

ပုသိမ်မြို့နေ (ဦးကာဝါ–ဒေါ်နု) တို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဦးသိန်းလွင်–(ဒေါ်စီစီ)၊ အိမ်တွင်းမှုကျောင်းအုပ်ကြီး(ဒေါ်စန်းလေး)နှင့်ဒေါ်ဥမ္မာသျှား၊ ပုသိမ်မြို့နေ ဦးပေါ်ထွန်း–ဒေါ်ရီရီဦး၊ ရန်ကုန်မြို့နေ ဒေါ်သန်းနွဲ့တို့၏အစ်ကို၊ ဂန့်ဂေါမြို့၊ ပုလယ်တောရကျောင်းနေ ဦးစိတ္တ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၁၅)ရပ်ကွက်၊ ၄ လမ်း၊ ၁၁၇/ခနေ ဦးချိုလင်း၊ ဦးလှအောင်–ဒေါ်စန္ဒာ၊ ဒေါ်သီတာ၊ မောင်ဇော်လင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂–၁၁–၂၀၀၃ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၁၁–၂၀၀၃ ရက်မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောက်ဖြူအသင်း(ရန်ကုန်မြို့) ဒေါ်ဖွားသိန်း
အသက်(၈၇)နှစ်

အသင်းနာယက ဒုတိယဗိုလ်မှူးကြီးညီပု(ငြိမ်း)–ဒေါ်မြင့်မြင့်သိန်းတို့၏ မိခင်သည် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ရာ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းကားများ အရှေ့ရန်ကင်း တိုက် ၃၁၈ နေအိမ်မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာကြီး ဦးတင်မောင် (ဈေးကလေး)
(သံတွဲ)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေး ၆ လမ်း(အောက်)၊ အမှတ် ၁၁ နေ (ဦးအောင်ဘ–ဒေါ်ဖွားခင်)တို့၏ သား၊ (ဒေါ်ငြိမ်းယဉ်)၏ခင်ပွန်း၊ မအေးအေးမြင့်၊ မစန်းစန်းလွင်(ဗဟိုဘဏ်)၊ (မောင်ဝင်းနိုင်)တို့၏ ဖခင်သည် ၂၂–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်သိန်း
(မပုတ်)
(မြင်းကကုန်းမြို့)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးယုဟုတ်)–ဒေါ်ကျင်ရိုးတို့၏သမီး၊ ဦးကျော်ထွန်း–ဒေါ်ခင်မျိုးဝင်း၊ ဒေါ်ကျင်မေ၊ ဒေါ်မြမြဝင်းတို့၏ညီမ၊ (ကိုတင်ဦး)၊ ကိုတင်အောင်၊ ကိုတင်ဆိုင်၊ ကိုစိန်ထွန်း၊ မသန်းသန်းအေးတို့၏အစ်မသည် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ၂၃–၁၁–၂၀၀၃ ရက်နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁၁–၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်နေအိမ်မှ ကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဝင်းထိုက်
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ၈/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ် A–၅၊ အခန်းအမှတ် ၃၀၂၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းနေ ဦးဝင်းမြင့် (မန်နေဂျာ၊ ငွေစာရင်းဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်–၁၊ စက်မှုဝန်ကြီးဌာန)–ဒေါ်ခင်ခင်လေး တို့၏သား၊ ကြည်ကြည်ဝင်း(ခ)တူးမာ၊ မဖြူဖြူသွယ်–(ကိုမျိုးမြင့်)တို့၏မောင်၊ ကြင်နာထက် (အထက–၁၊ ဒဂုံ)၊ အားမာန်(အမက–၈၊ သဃ်န်းကျွန်း) တို့၏ ဦးလေးသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး ဦးရွှေဝင်း (ဆေး၊ငြိမ်း)
မင်္ဂလာတောင်ညွန့်၊ထိန်ငူ
(မဟာစည်ယောဂီ)
ရွှေတိဂုံအထက်ပစ္စယာ တံမြက်လှည်းအသင်းဥက္ကဋ္ဌ
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၆၊ ၁၁၃ လမ်းနေ (ဦးနု–ဒေါ်သန်းရှင်)တို့၏ ဒုတိယသား၊ (ဦးအောင်မြင့်–ဒေါ်သန်းသန်း)၊ (ဦးဝင်းဖေ)–ဒေါ်နွဲ့တို့၏ညီ/မောင်၊ (ဦးသိန်းလွင်)–ဒေါ်လှရီ၊ (ဦးသန်းကြွယ်)–ဒေါ်ထား၊ ဦးဝင်းခိုင်ဦး–ဒေါ်ရင်ရင်မြင့်၊ ဦးမြင့်အောင်–ဒေါ်မြင့်မြင့်သိန်းတို့၏ အစ်ကို၊ တူ တူမများ၏ ဘကြီးသည် ၂၃–၁၁–၂၀၀၃ရက် နံနက် ၆:၂၀ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၀၃ ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊အမကြီး ဒေါ်တင်အေး(ဈေးကလေး)
အသက်(၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး ၅ လမ်းအောက်၊ အမှတ် ၅ နေ (ဦးမြိုင်–ဒေါ်အုန်းမေ) တို့၏သမီး၊ (ဦးစိန်မောင်)၏ဇနီး၊ ဦးသိန်းထွန်း–ဒေါ်သန်းမြင့်၊ ဦးငွေသိုက်–ဒေါ်ခင်ခင်ကြည်၊ ဦးမင်းအောင်၊ ဦးလှရွှေ၊ မတင်တင်ဌေးတို့၏ မိခင်ကြီး၊ မပြည့်သန္တာထွန်း၊ မောင်ကျော်ကိုကိုသိုက်၊ မဝတ်ရည်ပိုးဖြူသိုက်၊ မောင်ညီညီမင်းထွင့်တို့၏အဘွားသည် ၂၂–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်စိန်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၇၀)

(ဦးဖိုးရွှေ–ဒေါ်အေးမုံ)တို့၏သမီး၊ (ဦးအင်ဆိုင်–ဒေါ်ချစ်ရင်)တို့၏သမီးချွေးမ၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ လှည်းတန်း၊ စေတနာသုခလမ်း၊ အမှတ် ၈၄ နေ(ဦးစံကောက်)၏ ဇနီး၊ ဦးသံချောင်း–(ဒေါ်စိန်ရီ)တို့၏ ညီမ၊ ဦးသန်းမြင့်–ဒေါ်တင်နွဲ့၊ (ဦးသန်းအေး)–ဒေါ်လှထွေးတို့၏ အစ်မ၊ ဦးစိုးသန်း–ဒေါ်သန်းသန်းဆွေ၊ ဦးဟန်စော–ဒေါ်ဦးဦးခင်၊ မမြမြသန်း၊ ဦးကျော်စိန်–ဒေါ်လွင်လွင်မော်၊ ဦးစိုးဝင်း–ဒေါ်သန်းသန်းမော်၊ မအေးအေးသင်းတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါ၍ ၂၄–၁၁–၂၀၀၃ရက်(တနင်္လာနေ့)မွန်းလွဲ ၂:၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး ဦးမြဆောင်
၂၀ရာစုမိသားစု၊
သံဖြတ်ဆိုင်၊ကြက်တန်း
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၂၉ နေ (ဦးတင်ထွန်း–ဒေါ်ဂွက်)တို့၏ သား၊ (ဦးလှမောင်)–ဒေါ်အုန်းကြည် တို့၏သားသမက်၊ ဒေါ်တင်အေး၏ ခင်ပွန်း၊ ဦးမြအောင်–ဒေါ်လှလှတို့၏ညီ၊ ဦးအေးဖေ–(ဒေါ်သန်းမေ)၊ ဦးသောင်းမြင့်–ဒေါ်တင်အုန်း၊ ဒေါ်ခင်အုန်း၊ ဦးကျော်ထွေး– ဒေါ်စန်းမြင့်တို့၏အစ်ကို၊ မောင်ဌေးအောင်–မဝင်းမော်မြင့်၊ မောင်ညို၀င်း–မဝင်းဝင်းဌေး၊ မောင်တင်အောင်ဝင်း–မသင်းသင်းခိုင်၊ မောင်ခင်မောင်ဌေး၊ မောင်ဝင်းလတ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၃–၁၁–၂၀၀၃ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅–၁၁–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

တစ်ချိန်ကအရှေ့တောင်အာရှ အာရှမှသည်ကမ္ဘာ့အဆင့်တိုင်ကျော်ကြားခဲ့သည့်မြန်မာ့အားကစားအောင်နိုင်မှု ပြန်လည်ဖြစ်ထွန်းလာရေးနိုင်ငံတော်နှင့်တစ်မျိုးသားလုံးကတက်ညီလက်ညီအားပေးဆောင်ရွက်နေချိန် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အရင်းခံထားပြီးအားကစားအောင်နိုင်ရေးအမျိုးသားရေးသန္နိဋ္ဌာန်ဖြင့်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၃

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၁၃ ရက်အထိကျင်းပမည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံ အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) အားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး မြန်မာအားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံ အပ်နှင်းသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာအားကစားအောင်နိုင်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် နာယကအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်သူများ၊ ဒိုင်အဖွဲ့ဝင်များ၊ နည်းပြဆရာများ၊ အထောက်အကူပြုအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ❐

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနိုင်ငံက အားကစားနည်း ၂၄ မျိုး ယှဉ်ပြိုင်နွှဲမည် အောင်မြင်မှုရရှိရေး အဖွဲ့အလိုက်အစွမ်းကုန်ကြိုးပမ်းနေ

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၃

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား မြန်မာနိုင်ငံတော်အလံ အပ်နှင်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက် အမှာစကားပြောကြားပြီး မြန်မာအားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်အေးမြင့်ကြူအား မြန်မာနိုင်ငံတော်အလံကို အပ်နှင်းခဲ့သည်။

အားကစားနည်း ၂၄ မျိုး

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်မြင်မှုရရှိနိုင်သော အားကစားနည်း ၂၄မျိုး၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့တွင် ဖိတ်ကြားခံပုဂ္ဂိုလ်နှင့် အုပ်ချုပ်သူ၊ နည်းပြ ၁၆၄ ဦး၊ အားကစားသမား အမျိုးသား ၁၇၂ ဦးနှင့် အမျိုးသမီး ၁၂၀ စုစုပေါင်း အဖွဲ့ဝင် ၄၅၆ ဦးပါဝင်သည်။ မြန်မာအားကစားအဖွဲ့အား မြန်မာနိုင်ငံတော်အလံ အပ်နှင်းသည့်အခမ်းအနားတွင် မြန်မာအားကစားအဖွဲ့အချို့မှ တာဝန်ရှိသူများနှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

စားပွဲတင်တင်းနစ်

ပထမဦးစွာ မြန်မာစားပွဲတင်တင်းနစ် အားကစားအဖွဲ့ အမျိုးသမီးအသင်းအုပ်ချုပ်သူ ဦးထွန်းနိုင်ဦး (မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း)အား တွေ့ဆုံမေးမြန်းခဲ့သည်။ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ***စာမျက်နှာ ၁၄ ကော်လံ ၁*** ✻

ယနေ့ထုတ်စောင်ရေ ၂၀၂၅၂၅

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာစားပွဲတင်တင်းနစ် အားကစားအဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-တင်စိုး၊ မြန်မာ့အလင်း)

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အပ်နှင်းစဉ်။ (ဓာတ်ပုံ-တင်စိုး၊ မြန်မာ့အလင်း)

စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ကြည့်ရှုလေ့လာသူများဖြင့်စည်ကား

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်အောင်ကျော်လမ်း ယခင်ရန်ကုန်ဂေဇက်အဆောက်အအုံ၌ ဖွင့်လှစ်ထားသော စာဆိုတော်နေ့ စာအုပ်ဈေးပွဲတော် ဒုတိယနေ့၌ စာအုပ်ဆိုင်ပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပြသလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ ဒုတိယထပ်တွင် ကျင်းပသော **ဝတ္ထုရှည်မြန်မာနှစ်တစ်ရာ**ပြပွဲတွင်လည်း ယနေ့သည် ရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲတွင် စာအုပ်ဆိုင်ပေါင်း ၅၀ ကျော်မှ စုစုပေါင်းရောင်းရငွေမှာ ကျပ် ၁၈၅၄၆၅၀ ဖြစ်သည်။ **(သတင်းစဉ်)**